# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက် | ၂၀၂၄ ခုနှစ်၊ ဇွန် ၂၄ ရက်၊ တနင်္လာနေ့ | အတွဲ (၆၃)၊ အမှတ်(၂၆၃)


**ကိလေသာမာရ် ကိုယ်တွင်းရန်**

ရေတည်းဟူသော မိုးရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သင့်တင့်မျှတသော ရည်ညွှန်းဈေးဖြင့် ဆန်များရောင်းချပေးမည်

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းများ၊ ကုန်စည်ဒိုင်များ၊ ဆန်စပါးကုမ္ပဏီများပူးပေါင်းပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူပြည်သူများအတွက် သင့်တင့်မျှတသော ရည်ညွှန်းဈေးဖြင့် ဇွန် ၂၄ ရက်က စတင်ပြီး ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၃* ◆



နောင်တရားဒေသရှိ အာလူးစိုက်ခင်း

# နောင်တရားဒေသထွက် အာလူး အရည်အသွေးကောင်းပြီး ဈေးကွက်၌ ဝယ်အားတက်နေ

ရန်ကုန် ဇွန် ၂၃

ဇွန်လတွင်ထွက်ရှိသည့် အာလူးမှာ အရည်အသွေး ပိုမိုကောင်းမွန်ပြီး ဈေးကွက်ဝယ်လက်လိုအပ်ချက်အရ အရောင်းအဝယ်ဖြစ်နေကြောင်း နောင်တရားအာလူးအသင်း တာဝန်ရှိသူကပြောကြားသည်။

ဧပြီနှင့်မေတွင် နေရာဒေသအများစု အာလူးတူးဖော်ကြပြီး ထွက်ရှိမှုများသည့်အတွက် လိုအပ်သည်ထက်ပို၍ ဈေးကွက်ထဲရောက်ရှိသည့်တန်ချိန် ပိုများခဲ့ပြီး ယခုနှစ်အယ်လ်နီညိုရာသီဥတုကြောင့် ရာသီဥတုပူပြင်းချိန်တူးဖော်ခဲ့ကြ၍ အာလူးအရည်အသွေး ကျဆင်းမှုရှိခဲ့ကာ ယခုနောက်ပိုင်းတွင် ထွက်ရှိသည့် အာလူးအရည်အသွေးက ပိုမိုကောင်းမွန်ကြောင်းလည်း ပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ○

## စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၄၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၂၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇွန် ၂၄ ရက်မှ ဇွန် ၃၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၄၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် *စာမျက်နှာ ၃ ကော်လံ ၃* ❖


ယနေ့ *ဖတ်စရာ*

မူးယစ်ကုန်ကူးမှုနှင့် AA သောင်းကျန်းသူ — ဆောင်းပါး စာ ၆

နေရပ်ပြန်အရေးနှင့် မြန်မာနိုင်ငံအတွက် အမှန်တရား — ဆောင်းပါး စာ ၁၀

ကမ္ဘာပေါ်က အစောဆုံးသမဝါယမအကြောင်း သိကောင်းစရာ — ဆောင်းပါး စာ ၁၆

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အီရန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် နှစ်နိုင်ငံ သီးခြားတွေ့ဆုံ

## မြန်မာ-အီရန် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် ဇွန် ၂၃**

(၁၉) ကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ) ၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ပါဝင်တက်ရောက်ရန် တီဟီရန်မြို့သို့ ရောက်ရှိနေသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အေစီဒီလက်ရှိဥက္ကဋ္ဌနှင့် အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အလီဘာဂယ်ရီကာနီနှင့် ယနေ့ ဒေသစံတော်ချိန် ၁၀ နာရီတွင် တီဟီရန်မြို့၌ နှစ်နိုင်ငံ သီးခြားတွေ့ဆုံသည်။ (ယာပုံ)



**ထည့်သွင်းရှင်းလင်း**

အီရန်နိုင်ငံခြားရေး ဝန်ကြီးနှင့်တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ထည့်သွင်းရှင်းလင်း ပြောကြားသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးနှစ်ဦးသည် မြန်မာ-အီရန် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေရေး၊ အေစီဒီအဖွဲ့တွင်း ပူးပေါင်းဆောင်ရွက်မှုများ အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ အီရန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ကြသည်။

**ပါဝင်တက်ရောက်**

(၁၉)ကြိမ်မြောက် အေစီဒီ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမတိုင်မီ အေစီဒီ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့တွင် တီဟီရန်မြို့၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# (၁၉)ကြိမ်မြောက် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ လစဉ်ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုအားပေး

**ပဲခူး ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် (၁၉) ကြိမ်မြောက် လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းကို ယမန်နေ့က ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ပြုလုပ်ဆောင်ရွက်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများကို ကျန်းမာရေး ဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားကာ (ယာပုံ) လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေးနှင့် ဆေးဝါးလိုအပ်ချက်မရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ လုပ်ငန်းနယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အငြိမ်းစားယူပြီးနောက် ကျန်းမာရေးနှင့်ပတ်သက်၍ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူခြင်းဖြင့် ကျန်းမာပျော်ရွှင် အသက်ရှည်စွာ နေထိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်မှု လစဉ် တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေးစောင့်ရှောက်မှု စစ်ဆေးပေးခြင်း၊ လူနာတစ်ဦးလျှင် အခမဲ့ဆေးဝါး တစ်လစာ လစဉ်ထောက်ပံ့ပေးခြင်း၊ အခြေခံစားသုံးကုန်များကို သက်သာသောနှုန်းထားဖြင့် ရောင်းချပေးခြင်းအပြင် လူနာစောင့်များအတွက် နေ့စဉ်ထမင်းနှင့်ဟင်းကို အထူးသက်သာသော နှုန်းထားဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

❍ ရွှေ့ဖိုးမှ

"အခုကကတော့ supply နဲ့ Demand ပေါ့။ ထုတ်လုပ်မှုနဲ့ ဈေးကွက်တောင်းဆိုမှုက တစ်ရက်ကို တန် ၃၀၀၊ ၄၀၀ လောက် ပုံမှန်လိုအပ်နေတယ်။ ပြေ၊ မေလပိုင်းခန့်တွင် အာလူးစုပြုံထွက်လေ့ရှိပြီး ကျွန်တော်တို့မှာ ထိန်းသိမ်းတဲ့ အအေးခန်းစက်ရုံတွေမရှိတော့ စုပြုံပြီး ရောင်းကြတာပေါ့။ အခုကျတော့ တဖြည်းဖြည်းနဲ့ထိန်းရောင်းကြတာပေါ့။ ပြေီလလောက်ဆိုရင် အယ်လ်နီညိုကြောင့် ရာသီဥတုကလည်း အရမ်းပူတော့ ပူတဲ့အချိန်အာလူးတူးကြတော့ အာလူးနာတယ်။ အာလူးအရည်အသွေးလည်း မကောင်းဘူးပေါ့။ အခုအာလူးကျတော့ ကွာလတီအတော်ကောင်းပြီး ပုပ်၊ ပျက်ပျက်စီးမှုမရှိဘူးလေ။ လူကြိုက်ပိုများပြီး အရောင်းအဝယ် ကောင်းမွန်တာပေါ့"ဟု ဆိုသည်။

ဇွန်လတွင် နောင်တရားမှအာလူးထွက်ရှိနေသေးသော်လည်း ဇူလိုင်လခန့်အထိ ရှိနေနိုင်သော်လည်း ဩဂုတ်လခန့်တွင် အာလူးပြတ်သည့်အတွက် တရုတ်ဘက်မှ တင်သွင်းလေ့ရှိကြောင်းလည်း ၎င်းက ဆိုသည်။

"၈ လပိုင်းလောက်မှာဆို အာလူးကပြတ်တယ်။ ပြတ်တာက မိုးကြိုဆိုတဲ့ မေလလောက်မှာ အာလူးကသိပ်မစိုက်တော့ဘူး။ စိန်ခေါ်မှုများတယ်၊ ရာသီဥတုအပြောင်းအလဲကြောင့် သိပ်အဆင်မပြေတော့ မိုးကြိုအာလူးဆိုတာက မစိုက်ကြတော့ အာလူးပြတ်ပြီး ကမောက်ကမဖြစ်ကြတာပေါ့။ အဲဒီအချိန်မှာ ကုန်ကြမ်းရရှိမှုခက်ခဲတယ်။ အရင်တုန်းကတော့ တရုတ်အာလူးတွေဝင်တာပေါ့"ဟု ဆိုသည်။

နောင်တရားဒေသ၌ ဇန်နဝါရီလ၊ မေလ၊ ဩဂုတ်လတွင် အာလူးစိုက်ပျိုးလေ့ရှိသော်လည်း ယခုနောက်ပိုင်း မေလတွင် စိုက်ပျိုးလေ့ရှိသော မိုးကြိုအာလူးကို ရောဂါပိုးမွှားထူထပ်ကာ အခက်အခဲနှင့် စိန်ခေါ်မှုများသည့်အတွက် စိုက်ပျိုးမှုနည်းပါးကြောင်း၊ ဩဂုတ်လပိုင်းရောက်မှသာ ထပ်မံစိုက်ပျိုးကြပြီး အောက်တိုဘာ၊ နိုဝင်ဘာလခန့်တွင် အာလူးပြန်ထွက်ကာ ပြေီလနှင့် မေလကဲ့သို့ မပေါ်များသော်လည်း ဈေးကွက်ကို ပြန်လည်အထောက်အကူပြုကြောင်း သိရသည်။ **MT**

◆ ရွှေ့ဖိုးမှ

ထိုသို့ ရောင်းချရာတွင် ရုံးဖွင့်ရက်များတွင် နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ ရန်ကုန်မြို့ ဝါးတန်း ဆန်စပါးကုန်စည်ဒိုင်၊ ဘုရင့်နောင် ဆန်စပါးကုန်စည်ဒိုင်များတွင် ရောင်းချပေးမည်ဖြစ်သည်။ သက်သာဈေးဖြင့် ဆန်ရောင်းချပေးမည့်အစီအစဉ်သည် ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ မှ ၁၄၅၀၀၀၊ ရောဝတီပေါ်ဆန်း တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ မှ ၁၂၀၀၀၀၊ ဧည့်မထတစ်အိတ်လျှင် ငွေကျပ် ၇၂၀၀၀ မှ ၇၅၀၀၀ ဖြင့် ရောင်းချပေးမည်ဖြစ်သည်။

ထို့ပြင် ပေါ်ဆန်းဆန် တစ်ပြည်လျှင် ငွေကျပ် ၅၀၀၀၊ ဧည့်မထဆန် တစ်ပြည်လျှင် ငွေကျပ် ၃၀၀၀ နှင့် ပေါ်ဆန်းဆန်ငါးပြည် တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀ ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

စားသုံးသူပြည်သူများအတွက် ရောင်းချပေးရာတွင် အိမ်ထောင်စု တစ်စုလျှင် တစ်လအတွက် ပေါ်ဆန်းဆန် တစ်အိတ်နှင့် ဧည့်မထဆန် တစ်အိတ်ကို အိမ်ထောင်စုစာရင်းမိတ္တူ၊ အိမ်ထောင်စုစာရင်းတွင် ပါဝင်သူတစ်ယောက်၏ မှတ်ပုံတင်မူရင်းတို့ဖြင့် လာရောက်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

❖ ရွှေ့ဖိုးမှ

ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

ပြည့်ဝဆီများကို
တတ်နိုင်သမျှလျှော့စား၍
အသွင်ပြောင်းဆီများ
စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ပါ

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၅) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အခြေခံအဆောက်အအုံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် တည်ဆောက်ရေးဖိုရမ်သို့တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော် ဇွန် ၂၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်အပြည်ပြည်ဆိုင်ရာ ကန်ထရိုက်တာများ အသင်းနှင့် မကာအိုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအဖွဲ့အစည်းတို့မှ Green Innovation and Digital Connectivity (စိမ်းလန်းသော တီထွင်ဆန်းသစ်မှုနှင့် ဒစ်ဂျစ်တယ်ကူးလူးဆက်သွယ်မှု) ဆောင်ပုဒ်ဖြင့် ကျင်းပသည့် (၁၅) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အခြေခံအဆောက်အအုံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် တည်ဆောက်ရေးဖိုရမ် (The 15th International Infrastructure Investment and Construction Forum – IIICF) သို့ တက်ရောက်ပြီး ယမန်နေ့ နံနက်ပိုင်းက မကာအိုလေကြောင်းလိုင်းဖြင့် ထိုင်းနိုင်ငံမှတစ်ဆင့် ပြန်လည်ထွက်ခွာလာခဲ့ရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေယာဉ်ဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးသည် အဆိုပါ ခရီးစဉ်အတွင်း မြန်မာနိုင်ငံ၌ အခြေခံအဆောက်အအုံဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ State Home Company များကို သီးခြားစီတွေ့ဆုံ၍ ဒေသအတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဖြင့် အခြေခံအဆောက်အအုံဆိုင်ရာလုပ်ငန်းများတွင် Green Innovation and Digital Connectivity များ ဖော်ဆောင်နိုင်မည့် အခြေအနေများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ State Home Company များဘက်မှ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံအတွက် အခြေခံအဆောက်အအုံဆိုင်ရာ နည်းပညာနှင့် ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်ကောင်းမွန်လာစေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ၏ Feasibility Study(FS) လေ့လာဆန်းစစ်ခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရေး ကဏ္ဍများအတွက် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများ၊ နည်းပညာမျှဝေပေးခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ် (Human Resources) မြှင့်တင်ခြင်းဆိုင်ရာ ဆောင်ရွက်မှုများနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်မှုကိစ္စရပ်များ၊ အခြေခံအဆောက်အအုံဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ဆွေးနွေးခဲ့သည်။

**မေးမြန်းဆွေးနွေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် **ပတ်ဝန်းကျင်သဘာဝကိုမထိခိုက်စေဘဲ ကာဗွန်ဒိုင်အောက်ဆိုက်ကို လျှော့ချ၍ စိမ်းလန်းသော တိုးတက်ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့်** မကာအိုမြို့အတွင်း ဆောင်ရွက်နေသော **စွန့်ပစ်ပစ္စည်းများမှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရန် တည်ဆောက်နေသော အဆောက်အအုံ**



**ကိုလည်းကောင်း၊ လူမှုပတ်ဝန်းကျင်ကို အနှောင့်အယှက်မဖြစ်စေဘဲ လူမှုစီးပွားတိုးတက်အောင်ဖော်ဆောင်မှုအစီအစဉ်ဖြင့်** ဆောင်ရွက်နေသော မကာအိုမြို့တွင်း လမ်းချဲ့ခြင်းလုပ်ငန်းခွင်သို့ သွားရောက်၍ ဆူညံသံနှင့် ဖုန်မှုန့်များ မပျံ့လွင့်စေရန် ထိန်းချုပ်ဆောင်ရွက်သည့် အခြေအနေနှင့် ကျောက်တောင်များကို ပတ်ဝန်းကျင်အနှောင့်အယှက်မရှိအောင် ဖယ်ရှားရှင်းလင်းဆောင်ရွက်သည့် အခြေအနေများကိုလည်းကောင်း လေ့လာ၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် (၁၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အခြေခံအဆောက်အအုံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် တည်ဆောက်ရေးဖိုရမ်ကျင်းပပြုလုပ်ခြင်းနှင့် စပ်လျဉ်းပြီး သုံးသပ်ဖော်ထုတ်ဆွေးနွေးပွဲအစီအစဉ်သို့ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောနိုင်ငံများမှ အခြေခံအဆောက်အအုံများနှင့် သက်ဆိုင်သောဝန်ကြီးများနှင့်အတူ တက်ရောက်ဆွေးနွေးခဲ့ပြီး IIICF မှ ကြီးမှူး၍ ပြသထားသော Green Innovation and Digital Connectivity ဆိုင်ရာ ပြခန်းများကို လိုက်လံကြည့်ရှု၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်မြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုး

**ပြည် ဇွန် ၂၃**

ပြည်မြို့ ပညာရေးဒီဂရီကောလိပ် ကျောင်းဝင်းအတွင်း၌ ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ကျင်းပသည်။

ဦးစွာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်)မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် စိုးဦးဟန်က ပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာမကြီးထံ ပျိုးပင်များ စိုက်ပျိုးရန် ပေးအပ်သည်။



ယင်းနောက် ဒေသကွပ်ကဲရေးမှူး စစ်ဌာနချုပ်(ပြည်)မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် စိုးဦးဟန်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များ၊ ပညာရေး ဒီဂရီကောလိပ် (ပြည်)မှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ စုစုပေါင်းအင်အား ၈၀၀ ခန့်နှင့်အတူ တမာ၊ ကံ့ကော်၊ ခရေ အပါအဝင် အရိပ်ရအပင်မျိုးစုံ ပျိုးပင်ပေါင်း ၇၀၀ ကို စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ကိုစိုး (ပြန်/ဆက်)**



## ဟိုပုံးမြို့ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ဟိုပုံး ဇွန် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က နမ့်ဖော်ဟွန်းကျေးရွာအနီး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက အမှာစကားပြောကြားပြီး စိုက်ပျိုးမည့်ပျိုးပင်များကို ပေးအပ်ခဲ့သည်။ ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်အဖွဲ့ဝင်များ၊ ဟိုပုံးတပ်နယ်မှူး ဗိုလ်မှူးချုပ် သိန်းနိုင်နှင့် အရာရှိကြီးများ၊ ဒေသ/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်အမျိုးသမီးရေးရာအဖွဲ့၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ ဒေသခံပြည်သူများ စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြသည်။

အဆိုပါမိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ပျိုးပင်ပေါင်း ၁၅၀၃ ပင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

## ရွှေတောင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ရွှေတောင် ဇွန် ၂၃**

ရွှေတောင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ မိုးရာသီတွင် ခြင်များပေါက်ပွားပြီး ခြင်ကြောင့် ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါနှင့် အခြားကူးစက်ရောဂါများဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်က မြို့ပေါ်ရပ်ကွက်များရှိ အထက ရွှေတောင်၊ စက်မှု၊ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း၊ အထက ကြာနီကန်ကျောင်းနှင့် အထက(ခွဲ) သရက်တောကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရွှေတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အောင်မျိုးသန့်နှင့် ကျန်းမာရေးဝန်ထမ်းများက ဦးဆောင်၍ ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများပြုလုပ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းများ၊ စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း (ပြန်/ဆက်)**



# စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်၌ ပါဝင်ဆင်နွှဲကြသူများ၏ ရင်တွင်းစကားသံများ

ပုသိမ် ဇွန် ၂၃


**ကျောင်းသားလူငယ်များ စာအုပ်စာပေတွင် နှစ်သက်မွေ့လျော်ကာ ရာသက်ပန် ပညာရှာမှီးသူများ ဖြစ်လာစေရန်အတွက် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဇွန် ၂၂ ရက်နှင့် ၂၃ ရက်များတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ ပွဲတော်တွင် ပါဝင်ဆင်နွှဲခဲ့သူများ၏ ရင်တွင်းစကားသံများအား ဖော်ပြပေးလိုက်ပါသည်။**



**ဒေါ်ယဉ်ဆွေဝင်း**
**ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှာ ဇွန် ၂၂ ရက်နဲ့ ၂၃ ရက် နှစ်ရက်ကြာကျင်းပပေးခဲ့တာ ဖြစ်ပါတယ်။ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မှာ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ အလယ်တန်းဆင့်စာစီစာကုံးပြိုင်ပွဲ၊ အထက်တန်းဆင့်စာစီစာကုံးပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲတွေကို ထည့်သွင်းကျင်းပခဲ့ပါတယ်။ အခုလိုကျင်းပပေးခြင်းဖြင့် ကျောင်းသားလူငယ်တွေအနေနဲ့ ပါဝင်ယှဉ်ပြိုင်နိုင်ဖို့ စာအုပ်စာပေတွေကို လေ့လာဖတ်ရှုရမယ်။ အဲဒီကမှ စာဖတ်တဲ့ အလေ့အကျင့်တွေရရှိလာပြီး ပညာဗဟုသုတတွေ ကြွယ်ဝလာမယ်။ ပြီးတော့မှ အနာဂတ်မှာ တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူတွေ ဖြစ်လာဖို့ ရည်ရွယ်ပြီး ကျင်းပပေးခြင်းဖြစ်ပါတယ်။

ပွဲတော်မှာ လူငယ်တွေလေ့လာနိုင်ဖို့အတွက် စာအုပ်ပြခန်း၊ လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြခန်းတွေအပြင် အပျော်တမ်းဂိမ်းကစားနည်းတွေဖြစ်တဲ့ အရုပ်ဆက်၊ ခါးကွင်းလှည့်၊ မြားပစ်ကစားနည်းတွေကိုလည်း ထည့်သွင်းပေးထားပါတယ်။ ကျောင်းသားလူငယ်တွေအနေနဲ့ မိမိတို့လေ့လာလိုတဲ့ စာအုပ်တွေကို ဝယ်ယူဖတ်ရှုနိုင်ဖို့အတွက်လည်း စာအုပ်အရောင်းဆိုင်တွေက လာရောက်ရောင်းချပေးပါတယ်။ ဒီပွဲက ဧရာဝတီတိုင်းဒေသကြီးအတွင်း ပထမဆုံးပြုလုပ်ခဲ့တဲ့ပွဲတော်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ ၂၆ မြို့နယ်မှာ ကျင်းပမှာ ဖြစ်ပါတယ်။



**အမည်– မချစ်စနိုးထွေး**
**အတန်း–Grade11၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ပုသိမ်မြို့**

သမီးကတော့ ကျပန်းစကားပြောပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ပြီး ပထမဆုရရှိခဲ့ပါတယ်။ စာကြည့်တိုက်တွေဖွံ့ဖြိုးတိုးတက်ရေးနဲ့ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ပြုလုပ်ပေးတဲ့အတွက် သမီးအနေနဲ့ အလွန်ပဲ ဂုဏ်ယူဝမ်းမြောက်မိပါတယ်၊ အခုလိုပွဲမျိုးပြုလုပ်ပေးခြင်းဟာ သမီးတို့ ကျောင်းသားကျောင်းသူလူငယ်တွေအတွက် အထူးသင့်လျော်တဲ့ပွဲလို့ ထင်မြင်ယူဆမိပါတယ်။ ဒီလိုပွဲတွေ များများလုပ်ပေးမှလည်း သမီးတို့ကျောင်းသား ကျောင်းသူတွေဟာ စာတွေကို များများဖတ်ရှုဖြစ်မှာ ဖြစ်ပါတယ်။ အခုခေတ်က နည်းပညာခေတ်ဆိုတော့ မိုဘိုင်းလ်ဂိမ်းတွေနဲ့ပဲ အချိန်ကုန်တာများတော့ စာဖတ်ရှုတဲ့အပိုင်းမှာ တော်တော်လေးကိုမှ အားနည်းနေတာကို တွေ့ရပါတယ်။ အခုလိုပွဲတော်လုပ်ပေးခြင်းဖြင့် စာပေတွေကိုဖတ်ရှုဖို့ အခွင့်အလမ်းတွေ အများကြီးပေးစွမ်းတယ်လို့ ထင်ပါတယ်။ ဒီလိုမျိုးပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့အတွက်ကြောင့်လည်း သမီးအနေနဲ့မသိသေးတဲ့ဗဟုသုတတွေ တခြားအကြောင်းအရာတွေကိုလည်း သိရှိရသလို လူငယ်နဲ့စာပေဟာ ဘယ်လောက်အထိ ဆက်နွှယ်နေလဲဆိုတာကိုလည်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုပွဲတွေပြုလုပ်ပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ ကျောင်းသား ကျောင်းသူလူငယ်တွေကိုလည်း အခုလိုပြိုင်ပွဲတွေကို ပါဝင်ယှဉ်ပြိုင်ကြဖို့ ဖိတ်ခေါ်ပါတယ်။ ဒါမှသာ လူငယ်တွေအနေနဲ့ စာပေအကြောင်းကို အများကြီးနားလည်ပြီး ဘဝအတွက် တိုးတက်အောင်မြင်နိုင်တဲ့ အရာတွေကို စာဖတ်ခြင်း စာပေဗဟုသုတတွေကနေ ရရှိလာမယ်ဆိုတာကိုလည်း သိမြင်နိုင်မှာပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုပွဲတွေ ပြုလုပ်တဲ့အခါမှာ ဆုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်ကြဖို့ ဟောပြောပွဲတွေမှာလည်း ဝင်ရောက်နားထောင်ကြဖို့ တိုက်တွန်းအကြံပြုအပ်ပါတယ်။



**အမည်၊ မောင်စွမ်းစစ်နိုင်**
**အတန်း–Grade 10၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပုသိမ်မြို့**

ကျွန်တော့်အနေနဲ့ အဓိကတိုက်တွန်းလိုတာကတော့ သူငယ်ချင်းကျောင်းသားကျောင်းသူတွေကို ဒီလိုမျိုးစာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မှာ ပါဝင်ဆင်နွှဲဖို့ ပါဝင်ယှဉ်ပြိုင်ဖို့ ပြောကြားလိုပါတယ်။ ကျောင်းသား ကျောင်းသူတွေကိုလည်း အားလပ်ချိန်တွေမှာ စာအုပ်စာပေတွေကို ဖတ်ရှုလေ့လာသင့်တယ်လို့လည်း အကြံပြုလိုပါတယ်၊ ဒီလိုမျိုးပွဲတော်တွေကိုလည်း မြို့နယ်တွေတိုင်းမှာ ကျင်းပပေးဖို့နဲ့ ဒီလိုမျိုး ကျင်းပပေးခြင်းဖြင့်လည်း လူငယ်တွေရဲ့ အနာဂတ်နေ့ရက်တွေမှာ ပိုမိုတောက်ပလာမှာ ဖြစ်တယ်လို့လည်း ပြောကြားလိုပါတယ်။

**အမည် – ဒေါ်တင်တင်ကျော်**
**ကျောင်းသားမိဘ၊ ပုသိမ်မြို့**

ဒီပွဲတော်မှာ ကျွန်မနဲ့အတူ ကျွန်မရဲ့ သားသမီးတွေ၊ သားသမီးတွေရဲ့သူငယ်ချင်းတွေ လာရောက်လေ့လာကြတာ ဖြစ်ပါတယ်။ ယနေ့ခေတ်မှာ များသောအားဖြင့် လူငယ်တွေဟာ မိုဘိုင်းလ်ဖုန်းသုံးပြီး အချိန်ကုန်လာကြတာ များပါတယ်။ အခုလို စာဖတ်ရှိန်မြှင့်တင်ရေး



ပွဲတော်လုပ်တဲ့အခါကျတော့ ကျောင်းသားလူငယ်လူရွယ်တွေဟာ ပျော်ရွှင်စွာလေ့လာခွင့်ရတယ်၊ စာအုပ်စာပေတွေကို လေ့လာခြင်းဖြင့် စာပေဖတ်ရှုချင်စိတ်တွေဖြစ်ပေါ်လာပါတယ်။ ပြိုင်ပွဲတွေမှာလည်း ဥပမာ စာစီစာကုံးတို့၊ ကျပန်းစကားပြောပြိုင်ပွဲတို့မှာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့်လည်း ပုံမှန်အသိဉာဏ်ထက် ပြိုင်ပွဲအတွက် ပြင်ဆင်မှုတွေကနေ ထပ်တိုးအသိဉာဏ်တွေလည်း ရလာကြတယ်။ ဒီပွဲတော်မှာလည်း ပြိုင်ပွဲတွေဟောပြောပွဲတွေ စုံလင်အောင် ထည့်သွင်းဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူ လူကြီးတွေကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါတယ်။ ကျောင်းသားလူငယ်လူရွယ်တွေကိုလည်း ဒီလိုပွဲမျိုးတွေမှာလည်း သွားရောက်လေ့လာကြဖို့ ပါဝင်ယှဉ်ပြိုင်ကြဖို့ကို မိဘတွေအနေနဲ့လည်း တိုက်တွန်းပြောကြားပေးဖို့ အကြံပြုအပ်ပါတယ်။

ကျောင်းသား ကျောင်းသူတွေအနေနဲ့ အသိပညာဗဟုသုတတွေ တိုးပွားပြီး စာအုပ်စာပေတွေကို လေ့လာဖတ်ရှုစေဖို့ ရည်ရွယ်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တွေမှာ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရပါတယ်။

**တွေ့ဆုံမေးမြန်း – ဒေါ်ချိုမာထွန်း**
**ခရိုင်(ပြန်/ဆက်)**
**ဓာတ်ပုံ – ကျော်ဟိန်း**

## ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်ဝန်ထမ်း သားသမီးများအား ပညာသင်ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ပဲခူး ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်နှင့် ခရိုင်၊ မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ အရာထမ်း၊ အမှုထမ်းများ၏ သား သမီးများအား ၂၀၂၄–၂၀၂၅ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်း၊ ပညာရည်ချွန်ဆု ပေးအပ်ခြင်း အခမ်းအနားကို တိုင်းဒေသကြီး တရားလွှတ်တော်ရုံး၌ ဇွန် ၂၀ ရက်က ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်က အမှာစကားပြောကြားပြီး ၂၀၂၃–၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ကြသူ ခြောက်ဦးအား ဂုဏ်ပြုဆုများ ပေးအပ်သည်။ ထို့နောက် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း



တက်ရောက်နေကြသည့် ဝန်ထမ်းသား သမီးများအား ပညာသင်ထောက်ပံ့ပစ္စည်းများကို တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများနှင့် တိုင်းဒေသကြီး တရားရေးဦးစီးမှူးတို့က ပေးအပ်သည်။

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်နှင့် တိုင်းဒေသကြီးအတွင်းရှိတရားရုံးများမှ တရားရေးအရာရှိများ၊ တရားရုံးဝန်ထမ်းများ၏ သား သမီးများအနက် ၂၀၂၃–၂၀၂၄ ပညာသင်နှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲတွင် လေးဘာသာဂုဏ်ထူး ရရှိသူတစ်ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူတစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူတစ်ဦး၊ ရိုးရိုးအောင်မြင်သူ သုံးဦးရှိပြီး ၂၀၂၄–၂၀၂၅ ပညာသင်နှစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့တွင် ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူ ၁၃၂ ဦးတို့အတွက် ငွေကျပ် ၂၆ သိန်းတန်ဖိုးရှိ ပညာသင်ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**သက်ထက်**



## ပြည်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကျင်းပ

**ပြည် ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကျောင်းသားလူငယ် မောင်မယ်များအား စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိပြီး စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတ တိုးပွားစေလာစေရန် ယနေ့ နံနက်ပိုင်းက ပြည်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲများ ကျင်းပသည်။

ထိုပြိုင်ပွဲများ ကျင်းပရာတွင် ပြည်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများ အပါအဝင် အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ပြိုင်ကြရာ ကျပန်းစကားပြောပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၈ ဦး၊ ပုံပြင်ပြောပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၄၃ ဦးနှင့် စာစီစာကုံးပြိုင်ပွဲတွင် ၅၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ကျောင်းသား ကျောင်းသူများ၏ ကဏ္ဍအလိုက် ပါဝင်ယှဉ်ပြိုင်နေမှုကို ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များ၊ ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသက်လွင်၊ တိုင်း(ခွဲ)ပညာရေးမှူး ဦးတင်ယုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များနှင့် သုတ/ရသ စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မူးယစ်ကုန်ကူးမှုနှင့် AA သောင်းကျန်းသူ

ကိုကိုချွန် (မော်လမြိုင်)

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပြဿနာသည် ကိုလိုနီလက်အောက်ကျရောက်စဉ်ကပင် စတင်ခဲ့ပါသည်။ နယ်ချဲ့ကိုလိုနီတို့၏ လုပ်ရပ်အတိုင်း တိုင်းရင်းသားများအား သွေးခွဲခြင်းနှင့် သွေးကွဲစေခြင်းတို့ကို ဆောင်ရွက်ရန် ဘိန်းသုံးစွဲမှုနှင့် ဘိန်းစိုက်ပျိုးမှုကို စီးပွားရေးနှင့်နိုင်ငံရေးအရ ဆောင်ရွက်လာရာမှ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပြဿနာ စတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။ အကျိုးဆက်အနေဖြင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်များ ပေါ်ပေါက်လာကာ ၎င်းတို့ ရေရှည်ရပ်တည်နေနိုင်ရေးအတွက် ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းကုန်ကူးခြင်းတို့ကို ဆောင်ရွက်ရာမှ မူးယစ်ဆေးဝါးပြဿနာသည် ဆက်လက်တည်ရှိနေခဲ့ပါသည်။ တိုင်းရင်းသားလက်နက်ကိုင်များ၏ ပြဿနာကိုဖြေရှင်းနေစဉ် အိမ်နီးချင်းနိုင်ငံမှ ကူမင်တန်တပ်များ၏ ကျူးကျော်မှုပြဿနာကို ဖြေရှင်းခဲ့ရပြီး ၎င်းတို့၏အမွေဆိုးဖြစ်သော ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းဖြူချက်လုပ်မှုများမှာ နိုင်ငံအတွင်း အမြစ်တွယ်ကျန်ရစ်ခဲ့ပါသည်။

နိုင်ငံတော်အနေဖြင့် ဘိန်းနှင့် ဘိန်းဖြူပြဿနာကို (၁၅) နှစ်စီမံကိန်းများ ချမှတ်ကာ အတိုင်းအတာတစ်ခုအထိ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သော်လည်း ၁၉၉၀ ပြည့်လွန်နှစ်များတွင် ပေါ်ပေါက်လာသည့် လူလုပ်မူးယစ်ဆေးဝါးပြဿနာသည် မြန်မာနိုင်ငံသို့ ကူးစက်လာခဲ့ပါသည်။ လက်ရှိတွင် ဘိန်းနှင့် ဘိန်းဖြူချက်လုပ်မှု၊ လူလုပ်မူးယစ်ဆေးဝါးများ ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုနှင့် သုံးစွဲမှု ပြဿနာများကို တစ်ပြိုင်တည်း ဖြေရှင်းနေရပါသည်။ သမိုင်းကြောင်းအရ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပြဿနာသည် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဆက်စပ်ဖြစ်ပေါ်လျက်ရှိပါသည်။

တိုင်းရင်းသားလက်နက်ကိုင်တို့သည် လူမျိုးကောင်းစားရေး၊ ဒေသကောင်းစားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နေခြင်းဟု အသံကောင်းဟစ်နေသော်လည်း လက်တွေ့တွင်မူ ၎င်းတို့ထိန်းချုပ်ရာနယ်မြေများတွင် ဓာတုပစ္စည်းများ တရားမဝင်တင်သွင်းခြင်း၊ ပြည်ပမှပညာရှင်များခေါ်ယူ၍ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းနှင့် သယ်ဆောင်ရောင်းဝယ်ခြင်း၊ ရရှိလာသောငွေကြေးများဖြင့် လက်နက်များဝယ်ယူခြင်း၊ လူသစ်စုဆောင်းခြင်း၊ အင်အားချဲ့ထွင်ခြင်းတို့ ဆောင်ရွက်နေသည်ကို ဖမ်းဆီးရမိမှုနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ၏ ဖော်ပြချက်များက သက်သေခံလျက်ရှိပါသည်။

◆ ၂၀၁၉ ခုနှစ်မှ ၂၀၂၄ ခုနှစ် မေလအထိ ပင်လယ်ရေလမ်းကြောင်းကို အသုံးပြုပြီး မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုကိုကြည့်လျှင် အမှုပေါင်း ၄၆ မှုမှ တရားခံပေါင်း ၂၆၆ ဦးကို ဖမ်းဆီးရမိခဲ့ပါသည်။ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးပမာဏမှာ စိတ်ကြွဆေး ၂၈ ဒသမ ၅ သန်းခန့်၊ အိုက်စ် ၄၁ တန်ကျော်နှင့် ကက်တမင်း ၁ ဒသမ ၄ တန်ကျော် ဖမ်းဆီးရမိခဲ့

❑ AA သောင်းကျန်းသူအဖွဲ့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိလာသော ငွေကြေးအကျိုးအမြတ်ကို တွက်ချက်ရန်ခက်ခဲသော်လည်း လက်ရှိကာလ ဖမ်းဆီးရမိသည့် အမှု ၁၀ မှုမှ မူးယစ်ဆေးဝါးများ၏တန်ဖိုးမှာ မြန်မာကျပ်ငွေ ၇၃ ဘီလီယံကျော်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ နိုင်ငံအလိုက် လက်လီဈေးနှုန်းများအရ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ နိုင်ငံတကာဈေးကွက်သို့ ရောက်ရှိသွားပါက မူးယစ်ဆေးဝါးတန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်း ၅၀၀ ခန့် ဖြစ်လာမည်ဖြစ်ကြောင်း တွေ့ရှိရ

## မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများ

AA သောင်းကျန်းသူအဖွဲ့သည် ၂၀၀၉ ခုနှစ်တွင် KIA နယ်မြေအတွင်း အင်အား ၂၆ ဦးဖြင့် စတင်ပေါ်ပေါက်လာခဲ့ပါသည်။ ထိုအချိန်ထိ ရခိုင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးသုံးစွဲသူနှင့် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများ လွန်စွာနည်းပါးခဲ့သော်လည်း AA သောင်းကျန်းသူအဖွဲ့ ရခိုင်ပြည်နယ်အတွင်း အခြေပြုလှုပ်ရှားလာသည့် ၂၀၁၄ ခုနှစ် နောက်ပိုင်းတွင် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများ သိသိသာသာ တိုးတက်လာခဲ့ပါသည်။ ရခိုင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုနှင့် ရခိုင်ပြည်နယ်သို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုမှာ ရခိုင်ပြည်နယ်ရှိ ပြည်သူအားလုံး သုံးစွဲနိုင်သည့် ပမာဏထက် များစွာသာလွန်နေသည်ကို တွေ့ရပါသည်။

ထိုအချိန်က ရခိုင်ပြည်နယ်အတွင်း စိတ်ကြွရူးသွပ်ဆေးပြားသည် အဓိကမူးယစ်ဆေးဝါးဖြစ်ခဲ့ပြီး အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အမြောက်အမြား ပို့ဆောင်ခဲ့သည့်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများ မြင့်တက်လာသည်ကို တွေ့ရပါသည်။ မူးယစ်ဆေးဝါး သယ်ဆောင်ရာတွင် ဒေသခံဘင်္ဂါလီလူမျိုးများကို အသုံးချပြီး နတ်မြစ်နှင့် မေယုမြစ်ကို လှေငယ်များဖြင့်ဖြတ်သန်းကာ ပို့ဆောင်သည့်နည်းလမ်းအား အများဆုံး အသုံးပြုခဲ့ကြောင်း တွေ့ရပါသည်။

AA သောင်းကျန်းသူအဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စိတ်ကြွရူးသွပ်ဆေးပြားများ ပို့ဆောင်ခဲ့ရာမှ အခြားနိုင်ငံများသို့ ပင်လယ်ရေကြောင်း အသုံးပြုကာ အမြတ်အစွန်းပိုမိုရရှိသည့် အိုက်စ်(ICE) သယ်ဆောင်ရောင်းဝယ်မှုများ ပြုလုပ်လာကြောင်း ၂၀၁၉ ခုနှစ်တွင် ရခိုင်ပြည်နယ်သို့ ပို့ဆောင်မည့် အိုက်စ် ၁ ဒသမ ၇ တန်ကျော်နှင့် ၂၀၂၀ ပြည့်နှစ်တွင် ရခိုင်ပြည်နယ်မှ မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့် အိုက်စ် ၁ ဒသမ ၃၈ တန် ဖမ်းဆီးရမိမှုက သက်သေခံလျက်ရှိပါသည်။ ထို့အတူ နိုင်ငံဖြတ်ကျော်ရာဇဝတ်ဂိုဏ်းများနှင့် ချိတ်ဆက်ကာ ဘိန်းဖြူနှင့် ကက်တမင်းကဲ့သို့သော မူးယစ်ဆေးဝါးများ ပေးပို့နေကြောင်း တွေ့ရပါသည်။

လက်နက်ကိုင်အများစုသည် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်းမြေနယ်နိမိတ် ထိစပ်သောနေရာများတွင် တည်ရှိသဖြင့် တရားမဝင်စီးပွားရေးနှင့် ကုန်သွယ်မှုလမ်းကြောင်းပေါ်မှ အခွန်အကောက်ရရှိမှုကို အခြေပြုနေသော်လည်း AA သောင်းကျန်းသူအဖွဲ့သည် အခြားလက်နက်ကိုင်များ မဆောင်ရွက်နိုင်သော၊ တားဆီးကန့်သတ်ချက်နည်းပါးပြီး ၎င်းတို့အတွက် အားသာချက်များသော ပင်လယ်ရေလမ်းကြောင်းကို အသုံးပြုသယ်ဆောင်နေကြောင်း တွေ့ရှိရပါသည်။

၂၀၁၉ ခုနှစ်မှ ၂၀၂၄ ခုနှစ် မေလအထိ ပင်လယ်ရေလမ်းကြောင်းကို အသုံးပြုပြီး မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုကိုကြည့်လျှင် အမှုပေါင်း ၄၆ မှုမှ တရားခံပေါင်း ၂၆၆ ဦးကို ဖမ်းဆီးရမိခဲ့ပါသည်။ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးပမာဏမှာ စိတ်ကြွဆေး ၂၈ ဒသမ ၅ သန်းခန့်၊ အိုက်စ် ၄၁ တန်ကျော်နှင့် ကက်တမင်း ၁ ဒသမ ၄ တန်ကျော် ဖမ်းဆီးရမိခဲ့ပါသည်။ AA သောင်းကျန်းသူများသည် ဤမျှများပြားသော မူးယစ်ဆေးဝါးများကို ပင်လယ်ရေကြောင်းမှ သယ်ယူပို့ဆောင်ခြင်းဖြင့် အဖွဲ့၏ဝင်ငွေရလမ်းကို ရှာဖွေပေးနိုင်ခြင်းက မူးယစ်ကုန်သွယ်မှုကို ဆက်လက်ဆောင်ရွက်ရန် တွန်းအားပေးနေလျက်ရှိပါသည်။

## AA သောင်းကျန်းသူအဖွဲ့၏ အဓိကဝင်ငွေရလမ်း

AA သောင်းကျန်းသူအဖွဲ့၏ အဓိကဝင်ငွေရလမ်းမှာ ပြည်တွင်းပြည်ပတွင် အလုပ်လုပ်ကိုင်နေသော ရခိုင်လူမျိုးများနှင့် ပြည်တွင်းချမ်းသာကြွယ်ဝသည့် ရခိုင်လူမျိုးများထံမှ လစဉ်ငွေကောက်ခံခြင်းဖြင့် ရရှိသည်ဟုဆိုသော်လည်း စတင်ဖွဲ့စည်းချိန်မှ ယခုအချိန်ထိ အင်အားတိုးချဲ့ဖွဲ့စည်းနိုင်ခြင်းမှာ အကျိုးအမြတ်များစွာရရှိသည့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေခြင်းကြောင့်ဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိရပါသည်။


လက်နက်ခဲယမ်းများ ဝယ်ယူရန်နှင့် သောင်းကျန်းသူအဖွဲ့ ရေရှည်ရပ်တည်နိုင်ရန် လိုအပ်သောငွေကြေးအတွက် မူးယစ်ကုန်ကူးမှုများကို ဆောင်ရွက်ရင်းတစ်ဖက်တွင် မူးယစ်ဆေးဝါးများ ရခိုင်ပြည်နယ်အတွင်း လွယ်ကူစွာရရှိနေခြင်းက ဒေသတွင်းပြည်သူများ မူးယစ်ဆေးဝါးသုံးစွဲမှုကို ပိုမိုဖြစ်ပေါ်စေပြီး ပြည်သူတို့၏ အကျင့်စာရိတ္တပျက်ပြားမှုကို ဖြစ်ပေါ်စေလျက်ရှိပါသည်။ ဒေသတွင်း ပြည်သူများ အကျင့်စာရိတ္တပျက်ပြားနေမှသာ AA သောင်းကျန်းသူအဖွဲ့အတွင်းသို့ ဝင်ရောက်နိုင်ရေး ပိုမိုလွယ်ကူစွာ စည်းရုံးဆောင်ရွက်နိုင်ရန် ရည်ရွယ်လုပ်ဆောင်နေကြောင်း တွေ့ရှိရပါသည်။


## အကြမ်းဖက်လုပ်ရပ်များ တိုးမြှင့်

ရရှိလာသော လူအင်အား၊ လက်နက်အင်အားတို့ဖြင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်အတွက် မဟုတ်ဘဲ ရခိုင်ပြည်နယ်အတွင်း အခြေခံနယ်မြေများ တည်ဆောက်ကာ အကြမ်းဖက်လုပ်ရပ်များ တိုးမြှင့်လုပ်ဆောင်ခြင်း၊ အခြေခံနယ်မြေများ ချဲ့ထွင်ခြင်း၊ အစိုးရအုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန် ဝန်ထမ်းများအား သတ်ဖြတ်ခြင်းနှင့် အဖျက်အမှောင့်လုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်နေကြောင်း လက်ရှိဖြစ်စဉ်များအရ တွေ့ရှိရပါသည်။ အစိုးရအုပ်ချုပ်ရေး ပျက်ပြားလာပါမှ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကန့်သတ်ချက်များရှိစေခြင်း သို့မဟုတ် မဆောင်ရွက်နိုင်ခြင်းတို့က ဒေသတွင်း မူးယစ်ကုန်ကူးမှုများကို လွယ်ကူလွတ်လပ်စွာ ဆောင်ရွက်ရန်ဖြစ်ပါသည်။

မူးယစ်ဆေးဝါးသယ်ဆောင်ရာ၌ ဆွေမျိုးတော်စပ်သူများ၊ ရခိုင်ပြည်နယ်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်သမဂ္ဂအဖွဲ့ဝင်များ၊ ရခိုင်လူမျိုးများ၊ အမာခံများ၊ လူသစ်စုဆောင်းထားသူများဖြင့် သယ်ဆောင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ထိုမှတစ်ဆင့် ဟန်ပြကုမ္ပဏီများ၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများကို ဗန်းပြကာ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများကို တိုးမြှင့်ဆောင်ရွက်လာလျက်ရှိပါသည်။

*စာမျက်နှာ ၇ သို့*



*စာမျက်နှာ ၆ မှ*

မူးယစ်ဆေးဝါးသယ်ဆောင်ရာ လမ်းကြောင်းတစ်လျှောက်တွင် AA သောင်းကျန်းသူ အမာခံများ ဖြန့်ခွဲထားပြီး ၎င်းတို့နေထိုင်ရန်နှင့် မူးယစ်ဆေးဝါးများကို စုဆောင်းသိုလှောင်ရန် အိမ်များ၊ ဂိုဒေါင်များ ငှားရမ်းလုပ်ကိုင်နေလျက်ရှိပါသည်။ မူးယစ်ဆေးဝါး စတင်ပေးပို့မည့်နေရာနှင့် နောက်ဆုံးလက်ခံမည့်နေရာများတွင်သာ AA သောင်းကျန်းသူအဖွဲ့ဝင်များကို အဓိကအသုံးပြုပြီး လမ်းကြောင်းတစ်လျှောက်တွင် ကြားခံများ အဆင့်ဆင့်ထားရှိကာ ကွင်းဆက်ဖြတ် သယ်ဆောင်နေကြောင်း တွေ့ရပါသည်။

မူးယစ်ကုန်ကူးမှုတွင် AA သောင်းကျန်းသူအဆင့်ပေါင်းစုံပါဝင်သော်လည်း လုပ်ငန်းစဉ်တစ်ခုလုံးကို စီးပွားရေးတာဝန်ခံများနှင့် ထောက်ပံ့ပို့ဆောင်ရေးဌာနတို့က ကြီးကြပ်ထိန်းချုပ်ကာ ဖမ်းဆီးခံရနိုင်ချေမြင့်မားသည့် နေရာများတွင် သာမန်ပြည်သူများကို အသုံးချတတ်ကြောင်း တွေ့ရပါသည်။ နိုင်ငံတကာသို့ မူးယစ်ဆေးဝါး ကုန်ကူးရာ၌ ခေါင်းဆောင်ပိုင်းက ချိတ်ဆက်ပေး၍ ကြီးကြပ်ထိန်းချုပ် ဆောင်ရွက်နေလျက်ရှိပါသည်။ လက်နက်ခဲယမ်းများ ဝယ်ယူသယ်ဆောင်ရာတွင်လည်း တပ်ဖွဲ့ဝင်များကို နိုင်ငံအနှံ့သာမန်ပြည်သူများအသွင် ဖြန့်ခွဲထားကာ မူးယစ်ဆေးဝါးများနှင့်အတူ သယ်ဆောင်ခြင်း၊ ဂိုဒေါင်များ ငှားရမ်းကာ ဖြန့်ခွဲထိန်းသိမ်းထားခြင်း၊ ထိုမှအခြားမြို့တစ်ခုသို့ အကြိမ်ကြိမ်ခွဲကာ အဆင့်ဆင့်သယ်ဆောင်ပြီး နေရာအနှံ့ ထပ်မံဖြန့်ခွဲသိုဝှက်ထားကြောင်း ဖော်ထုတ်သိရှိရပါသည်။ ဖမ်းဆီးရမိဖြစ်စဉ်တစ်ခုတည်းမှ ဖော်ထုတ်ချက်အရ ၂၀၁၉ – ၂၀၂၁ ခုနှစ်အတွင်း ဆီသယ်ယာဉ်များဖြင့် မူးယစ်ဆေးဝါး (၃) ကြိမ်၊ လက်နက်ခဲယမ်း (၇)ကြိမ်အား ရှမ်းပြည်နယ်မှ ရခိုင်ပြည်နယ်သို့ သယ်ဆောင်ခဲ့ကြောင်း သိရပါသည်။

၂၀၁၆ ခုနှစ်တွင် ဖမ်းဆီးရမိသည့် AA သောင်းကျန်းသူအဖွဲ့မှ အောင်မြတ်ကျော် (ဒုမှူးကြီးအဆင့်)သည် ထွန်းမြတ်နိုင်၏ တာဝန်ပေးချက်အရ ၂၀၁၅ ခုနှစ်အတွင်း လက်နက်ခဲယမ်းများကို ပြင်ဦးလွင်မှ ရန်ကုန်သို့ (၆) ကြိမ်နှင့် ဘားအံမှ ရန်ကုန်သို့ (၁၀) ကြိမ် ယာဉ်များတွင် အံဝှက်ပြုလုပ်ကာ သယ်ဆောင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည့်အတွက် AA သောင်းကျန်းသူအဖွဲ့၏ ခေါင်းဆောင်များသည် မူးယစ်ဆေးဝါးနှင့် လက်နက်ဝယ်ယူမှုများတွင် ကိုယ်တိုင်ချိတ်ဆက်ပေးခြင်းနှင့် သယ်ဆောင်မှုများကို ကိုယ်တိုင်ကြီးကြပ်နေကြောင်း တွေ့ရှိရပါသည်။

## ကိုယ်တိုင်ထုတ်လုပ်


မူးယစ်ဆေးဝါး ထွက်ရှိရာနေရာမှ ရခိုင်ပြည်နယ်သို့ သယ်ဆောင်ရာတွင် ကုန်ကျစရိတ်ကြီးမြင့်ခြင်းနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ တိုးမြှင့်လာသည့်အတွက် ဆုံးရှုံးမှုများပြားလာခြင်း၊ ဖမ်းဆီးအရေးယူခံရမှု မြင့်တက်လာခြင်းတို့ကြောင့် မူးယစ်ဆေးဝါးကို ရခိုင်ပြည်နယ်အတွင်း ကိုယ်တိုင်ထုတ်လုပ်ရန် ကြိုးပမ်းခဲ့ကြောင်း တွေ့ရှိရပါသည်။ ၂၀၁၅ ခုနှစ်တွင် AA သောင်းကျန်းသူများအနေဖြင့် ဆေးပြားရိုက်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုမည့် အက်ဖီဒရင်းများဝယ်ယူပြီး ရခိုင်ပြည်နယ်သို့ သယ်ဆောင်မှုများကို ဖမ်းဆီးနိုင်ခဲ့ပါသည်။

AA သောင်းကျန်းသူအဖွဲ့ မူးယစ်ကုန်ကူးရာတွင် မူးယစ်ဆေးဝါးအမြောက်အမြားကို သယ်ဆောင်နေကြောင်း ဖမ်းဆီးရမိဖြစ်စဉ် တစ်ခုချင်းစီက ဖော်ပြလျက်ရှိနေပါသည်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ဖမ်းဆီးရမိမှုတွင် အိုက်စ်နှင့် ကဖင်းတို့ကိုပါ ဖမ်းဆီးရမိခြင်း၊ အသုံးပြုသည့်ယာဉ်၊ စက်လှေနှင့် သိုဝှက်ထားရှိမည့် ဂိုဒေါင်ကြီးများကို ငှားရမ်းအသုံးပြုခဲ့သည်ကို ကြည့်ခြင်းအားဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်မှုများတွင် AA သောင်းကျန်းသူအဖွဲ့ဝင် အမြောက်အမြားက ကွန်ရက်ချိတ်ဆက်ဆောင်ရွက်နေကြောင်း တွေ့ရပါသည်။ ရခိုင်ပြည်နယ်သို့ ပို့ဆောင်မည့် ကဖင်းဖမ်းဆီးရမိမှုဖြစ်စဉ်အရ AA သောင်းကျန်းသူများသည် အိုက်စ်နှင့် ကဖင်းတို့ကို အသုံးပြုပြီး ရခိုင်ပြည်နယ်အတွင်း စိတ်ကြွရူးသွပ်ဆေးပြား ပြောင်းလဲထုတ်လုပ်ရန် ကြိုးပမ်းနေကြောင်း သုံးသပ်ရပါသည်။

AA သောင်းကျန်းသူအဖွဲ့သည် မူးယစ်ဆေးဝါး ရောင်းဝယ်ရာမှ ရရှိသောငွေအချို့ဖြင့် မူးယစ်ဆေးဝါးနှင့်လက်နက်များ သယ်ဆောင်ရောင်းဝယ်ရာတွင် ထပ်မံအသုံးပြုရန် နေအိမ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များနှင့် အခြားပစ္စည်းများကို ဝယ်ယူထားကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် ဘဏ်များတွင် အကောင့်အမျိုးမျိုး၊ အမည်အမျိုးမျိုးဖြင့် စုဆောင်းသိုဝှက်ထားပြီး ငွေအရင်းအမြစ်အား ခြေရာမခံနိုင်ရန်၊ လက်နက်ဝယ်ယူမှုနှင့် မူးယစ်ကုန်ကူးရာတွင် အလွယ်တကူအသုံးပြုရန် စီစဉ်ထားလျက်ရှိပါသည်။

## ကျပ်ငွေ ၇၃ ဘီလီယံကျော်

AA သောင်းကျန်းသူအဖွဲ့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိလာသော ငွေကြေးအကျိုးအမြတ်ကို တွက်ချက်ရန် ခက်ခဲသော်လည်း လက်ရှိကာလဖမ်းဆီးရမိသည့် အမှု ၁၀ မှုမှ မူးယစ်ဆေးဝါးများ၏တန်ဖိုးမှာ မြန်မာကျပ်ငွေ ၇၃ ဘီလီယံကျော်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ နိုင်ငံအလိုက် လက်လီဈေးနှုန်းများအရ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ နိုင်ငံတကာဈေးကွက်သို့ ရောက်ရှိသွားပါက မူးယစ်ဆေးဝါးတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့် ဖြစ်လာမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။




### ရခိုင်ပြည်နယ်မှ ပြည်ပသို့ သယ်ဆောင်ရောင်းဝယ်မည့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှု

| စဉ် | ခုနှစ် | အမျိုးအမည် | | | မှတ်ချက် |
|---|---|---|---|---|---|
| | | စိတ်ကြွဆေး(ပြား) | အိုက်စ် (ကီလို) | ကက်တမင်း(ကီလို) | |
| ၁ | ၂၀၁၆ | ၁၆,၀၀၀,၀၀၀ | - | - | |
| ၂ | ၂၀၁၇ | ၁,၆၀၀,၀၀၀ | - | - | |
| ၃ | ၂၀၁၈ | ၂,၄၀၀,၀၀၀ | - | - | |
| ၄ | ၂၀၁၉ | ၂,၁၀၀,၀၀၀ | - | - | |
| ၅ | ၂၀၂၀ | - | ၁,၃၈၀ | - | |
| ၆ | ၂၀၂၁ | ၃၂,၀၀၀ | ၁,၅၀၀ | - | |
| ၇ | ၂၀၂၂ | ၁၃၃,၀၀၀ | ၂,၅၀၀ | ၁ | |
| ၈ | ၂၀၂၃ | ၂၉၂,၅၀၀ | ၈,၀၉၅ | - | |
| ၉ | ၂၀၂၄ (မေ) | ၂,၆၂၀,၀၀၀ | ၆,၂၄၈ | - | |
| စုစုပေါင်း | | ၂၅,၁၇၇,၅၀၀ | ၁၉,၇၂၃ | ၁ | |

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော ပြဿနာများ၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုများတွင် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများမှ လှူဒါန်းထောက်ပံ့ပေးခြင်း၊ နိုင်ငံတော်အစိုးရနှင့် အထက်အကြီးအကဲများကိုယ်တိုင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်းသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ ဘဝ လုံခြုံစိတ်ချရစေရန် ဖြစ်ပါသည်။ သို့သော် AA သောင်းကျန်းသူအဖွဲ့သည် လူမျိုးကောင်းစားရေးဟု ကြွေးကြော်နေသော်လည်း ရခိုင်တိုင်းရင်းသားများကို အကြမ်းဖက်သတ်ဖြတ်ခဲ့သည့် ARSA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့နှင့် မူးယစ်ဆေးဝါးကုန်ကူးမှု၊ လက်နက်မှောင်ခိုမှု၊ လူကုန်ကူးမှုများတွင် ပူးပေါင်းဆောင်ရွက်နေခြင်းမှာ စဉ်းစား၍မရအောင်ပင် ဖြစ်ပါသည်။ နိုင်ငံအတွင်းရှိ ပြည်သူများအား အဆိုးများဖြင့် ပြန်လည်ကျေးဇူးဆပ်နေခြင်းပင် ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် AA သောင်းကျန်းသူအဖွဲ့သည် မူးယစ်ဆေးဝါးကုန်ကူးခြင်းမှ ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ လူမှောင်ခိုမှု၊ အကြမ်းဖက်မှုတို့ကို ဆောင်ရွက်လျက်ရှိသဖြင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေလျက်ရှိပါသည်။ အဖျက်အမှောင့်လုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိခြင်း၊ တရားဥပဒေစိုးမိုးရေးယန္တရားကို နှောင့်ယှက်ဖျက်ဆီးခြင်း၊ ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအဖွဲ့တို့အား တိုက်ခိုက်ခြင်းတို့ကြောင့် ယခင်က အေးချမ်းခဲ့သော ရခိုင်ပြည်နယ်မှ ပြည်သူများ နေရပ်စွန့်ခွာထွက်ပြေးရသဖြင့် အတိဒုက္ခရောက်လျက်ရှိပါသည်။

AA သောင်းကျန်းသူအဖွဲ့သည် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအခြေအနေအရပ်ရပ်ကို အခွင့်ကောင်းယူ၍ မူးယစ်ကုန်ကူးမှုများ ပိုမိုတိုးမြှင့်လာခြင်း၊ ပြည်တွင်း/ပြည်ပ မူးယစ်ဂိုဏ်းများနှင့်

*စာမျက်နှာ ၈ သို့*



၁၇-၂-၂၀၂၄ ရက်နေ့ ကော့သောင်းမြို့၏အနောက်မြောက်ဘက် ၁၉၃ မိုင်ခန့်အကွာ ပင်လယ်ပြင်၌ အိုက်စ် ၁၂၉၈ ကီလို ဖမ်းဆီးရမိမှု။



၃-၁၂-၂၀၂၃ ရက်နေ့ ရွာငံမြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တွင် အိုက်စ် ၂၀၇၀ ကီလို၊ ကဖင်း ၈၀၀ ကီလို ဖမ်းဆီးရမိမှု။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ချည်မျှင်နှင့်အထည်လုပ်ငန်းရှင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၃**

စက်မှုဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ချည်မျှင်နှင့် အထည်လုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်မှုဝန်ကြီးဌာနနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ချည်မျှင်နှင့် အထည်လုပ်ငန်းရှင်များ၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းမှ ထွက်ရှိသည့် ဝါများကို ကြိတ်ခွဲ၍ ဝါဂွမ်းများကို ပြည်ပတင်ပို့မည့်အစား ချည်ရက်လုပ်ခြင်း၊ ပိတ်ရက်လုပ်ခြင်း၊ အထည်ထုတ်လုပ်ခြင်းများ ဆောင်ရွက်ပါက ပိုမိုအကျိုးအမြတ်ရရှိမည့်အပြင် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် အရည်အသွေးတိုးတက်ကောင်းမွန်စေရေး အထူးအလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ပသွင်းကုန် အစားထိုးနိုင်ရေး၊ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်နိုင်ရေးတို့အတွက် ထုတ်ကုန်ပစ္စည်းများကို တိုးမြှင့်လုပ်ကိုင်နိုင်ရေးကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် စက်မှုဝန်ကြီးဌာနမှ စက်ရုံ၊ မြေ၊ အဆောက်အအုံများအား ငှားရမ်းထားသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ကုမ္ပဏီအလိုက် လုပ်ငန်းလည်ပတ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လုပ်ငန်းဆောင်ရွက်စဉ် ကြုံတွေ့ရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဖြေရှင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ ဆေးဝါးစက်ရုံ (အင်းစိန်)၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ တာဝန်ထမ်းဆောင်နေသည့် စက်မှုဝန်ကြီးဌာနမှ အရာထမ်းများနှင့်တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနရှိ ဦးစီးဌာနများသည် စက်မှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိန်းကျောင်းကြပ်မတ်ရသည့် ဌာနဖြစ်ကြောင်း၊ ထို့ကြောင့် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များကို ကျေညက်အောင်လေ့လာထားရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ဆောင်ရွက်နေသည့် စနစ်များကိုလည်း လေ့လာထားကြရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်မှသာ ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနိုင်မည်ဖြစ်၍ ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်နှင့် လုပ်ငန်းတာဝန်များအောင်မြင်စေရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က စက်မှုလုပ်ငန်းအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဦးဆောင်ညွှန်ကြားရေးမှူးများက စက်မှုဝန်ကြီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများကို ထောက်ပံ့ငွေများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

ကြန်အင်လက္ခဏာ ၈ ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း ၄ ခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့်ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက” မှာ ယခုအသက် ၁ နှစ်၊ ၁၁ လသားအရွယ်တွင် အရပ်အမြင့် ၄ ပေ ၆ လက်မ၊ ကိုယ်လုံး လုံးပတ် ၇ ပေ ၄ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၃၇၀ ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက” မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် “Peace Human and Elephant Interaction Training” ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၃**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၇ မှ*

ပူးပေါင်းကာ ဈေးကွက်ချဲ့ထွင်မှုမှတစ်ဆင့် ကမ္ဘာပေါ်ရှိ လူငယ်များနှင့် ပြည်သူလူထုအပေါ် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးအရ ထိခိုက်စေပြီး နိုင်ငံရေး၊ စစ်ရေး စသည့်ဒေသတည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေလျက်ရှိပါသည်။ လူသားမျိုးနွယ်စုတစ်ခုလုံးကို အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးအား ကမ္ဘာ့လူသားအားလုံးက ဘုံရန်သူအဖြစ်သတ်မှတ်ကာ နည်းလမ်းမျိုးစုံဖြင့် ကာကွယ်တိုက်ဖျက်နေချိန်တွင် AA သောင်းကျန်းသူအဖွဲ့သည် မူးယစ်ကုန်ကူးမှုကို တိုးမြှင့်ဆောင်ရွက်ကာ ဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ဆောင်ရွက်နေလျက်ရှိပါသည်။

နိုင်ငံအတွင်းရှိ ပြည်သူများအနေဖြင့်လည်း AA သောင်းကျန်းသူအဖွဲ့၏ မူးယစ်ကုန်ကူးမှုများတွင် အသုံးချခံရသူများ မဖြစ်အောင် သတိပြုနေထိုင်သွားသင့်ပါသည်။ အိမ်များ၊ ယာဉ်များ၊ ဂိုဒေါင်များ ငှားရမ်းလာခြင်း၊ ကုန်ပစ္စည်းများ ပို့ဆောင်ခိုင်းခြင်း၊ ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းသို့ ဆက်သွယ်ဆောင်ရွက်လာပါက သတိပြုဆင်ခြင်သွားရန် လိုအပ်မည်ဖြစ်ပါသည်။ AA သောင်းကျန်းသူအဖွဲ့သည် မူးယစ်ကုန်ကူးမှုကိုသာ ပြုလုပ်နေသည် မဟုတ်ဘဲ နောက်ဆက်တွဲပြဿနာများဖြစ်သည့် အကြမ်းဖက်မှု၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှု၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုပါ တိုက်ရိုက်ဖျက်ဆီးနေသော အဖွဲ့တစ်ခုဖြစ်သဖြင့် သတိပြုဆင်ခြင်သွားရန် လိုအပ်မည်ဖြစ်ပါသည်။ ပြည်သူများအနေဖြင့်လည်း သံသယဖြစ်ဖွယ်များ တွေ့ရှိလာပါက တာဝန်ရှိသူများကို အမြန်ဆုံး သတင်းပေးပို့သွားရန် တိုက်တွန်းအပ်ပါသည်။ ။

### ပင်လယ်ပြင်တွင် မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများ

| စဉ် | ခုနှစ် | အမျိုးအမည် | | | အမှုပေါင်း | ဖမ်းဆီးရမိတရားခံ |
|---|---|---|---|---|---|---|
| | | စိတ်ကြွဆေး (ပြား) | အိုက်စ် (ကီလို) | ကက်တမင်း (ကီလို) | | |
| ၁ | ၂၀၁၉ | - | ၂,၉၇၅ | - | ၂ | ၁၆ |
| ၂ | ၂၀၂၀ | ၁၉၀,၀၀၀ | ၆,၄၁၀ | ၄၉၀ | ၅ | ၂၉ |
| ၃ | ၂၀၂၁ | - | ၂,၅၀၀ | ၄၇ | ၂ | ၁၇ |
| ၄ | ၂၀၂၂ | ၃,၀၀၀,၀၀၀ | ၆,၉၅၃ | ၈၀၀ | ၈ | ၆၉ |
| ၅ | ၂၀၂၃ | ၈,၁၀၃,၄၀၀ | ၁၀,၉၂၅ | - | ၁၄ | ၅၃ |
| ၆ | ၂၀၂၄ (မေ ၁၅) | ၁၇,၂၀၃,၇၅၀ | ၁၁,၃၄၈ | ၁၀၀ | ၁၅ | ၈၂ |
| စုစုပေါင်း | | ၂၈,၄၉၇,၁၅၀ | ၄၁,၁၁၁ | ၁,၄၃၇ | ၄၆ | ၂၆၆ |

| စဉ် | အမျိုးအစား | ပမာဏ | နိုင်ငံအလိုက် ဈေးနှုန်းများ(အမေရိကန်ဒေါ်လာသန်းပေါင်း) | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | မြန်မာ | ထိုင်း | ဘင်္ဂလားဒေ့ရှ် | ဩစတြေးလျ | တရုတ် (ထိုင်ဝမ်) | တရုတ် | မလေးရှား |
| ၁ | စိတ်ကြွရူးသွပ်ဆေးပြား | ၁၆ သန်း | ၃.၇၄ ~ ၁၀.၆၈ | ၄၈.၁ | ၁၆.၀၃၃ | - | - | - | - |
| ၂ | အိုက်စ် | ၂၀၇၀ ကီလို | ၅.၅၂ ~ ၉.၆၆ | ၇.၇၆ | - | ၃၉၃.၃ | ၇၇.၂၆ | ၄၅၇.၄၂ | ၁၄.၃၃ |



၂၁-၃-၂၀၂၄ ရက်နေ့ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ဆိပ်ကမ်းတွင် “စိန်ပြည့်မင်း” သင်္ဘောပေါ်မှ စိတ်ကြွဆေးပြား ၁၀ သိန်း ဖမ်းဆီးရမိမှု။

# ကယားပြည်နယ် လွိုင်ကော်မြို့ ကျက်သရေဆောင် ဆုတောင်းပြည့် မြို့နာမ်စေတီတော်မြတ်ကြီး၌ ဥပ္ပါတသန္တိ ပရိတ်တော်ရွတ်ပွားပူဇော်ခြင်း မင်္ဂလာအခမ်းအနားကျင်းပ

**လွိုင်ကော် ဇွန် ၂၃**

ကယားပြည်နယ်အစိုးရအဖွဲ့မှ ဦးစီး၍ လွိုင်ကော်မြို့ ကျက်သရေဆောင် ဆုတောင်းပြည့် မြို့နာမ်စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင် လှူပူဇော်ခြင်း၊ ဥပ္ပါတသန္တိ ပရိတ်တော်ရွတ်ပွားပူဇော်ခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နာမ်စေတီတော် ဓမ္မာရုံအတွင်း၌ ကျင်းပရာ ဆရာတော် သံဃာတော်အရှင်သူမြတ်များ၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။(ယာပုံ)



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ဆရာတော် သံဃာတော် အရှင်သူမြတ်များ ဆုတောင်းပြည့်မြို့နာမ်စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ခြင်းနှင့် ဥပ္ပါတသန္တိပရိတ်တော် ရွတ်ပွားပူဇော်နေမှုများကို နာယူကြည်ညိုခဲ့ကြသည်။ ထို့နောက် ဆရာတော် သံဃာတော် အရှင်သူမြတ်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး လွိုင်ကော်မြို့ မင်းကျောင်းပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ပညောဘာသ(သဒ္ဓမ္မဇောတိကဓဇ) အရှင်သူမြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြကာ ပရိတ်တရားတော်များ နာယူကြည်ညိုသည်။

ယင်းနောက် မဟာမဂ္ဂင်ကျောင်းဆရာတော် ဘဒ္ဒန္တပညာဝံသက နတ်ဗြဟ္မာများ ပြန်လည်ပို့ဆောင်ခြင်းအား ရွတ်ဖတ်ပူဇော်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော် အရှင်သူမြတ်များထံသို့ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် လွိုင်ကော်မြို့ မင်းကျောင်းပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်ဘဒ္ဒန္တ ပညောဘာသ (သဒ္ဓမ္မဇောတိကဓဇ) အရှင်သူမြတ်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် သာဓုအနုမောတနာတရား နာယူ၍ ရေစက်သွန်းချအမျှပေးဝေခဲ့ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြပြီး ဆရာတော်သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ဘားအံ)၏ ဆဋ္ဌမအကြိမ်မြောက် စိုက်ပျိုးရေးဒီပလိုမာအပ်နှင်း

**ဘားအံ ဇွန် ၂၃**

ကရင်ပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (ဘားအံ) ၏ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှ ၂၀၂၃-၂၀၂၄ အထိ ပညာသင်ကြားပြီးမြောက် အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဇွန် ၂၃ ရက်က ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ စိုက်ပျိုးရေးဒီပလိုမာလက်မှတ်များကို အပ်နှင်းပေးအပ်သည်။



ဦးစွာ စိုက်ပျိုးရေးသိပ္ပံ (ဖွဲ့ကပင်) ကျောင်းအုပ်ကြီးနှင့် ပညာရေး အဖွဲ့ဝင်များသည် တက်ရောက်လာသူများနှင့်အတူ နိုင်ငံတော်အလံကို အလေးပြုကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ဘားအံ) ကို ၂၀၁၄ ခုနှစ်မှစတင်ဖွင့်လှစ်ခဲ့ကာ ယခုအခါ ဒီပလိုမာလက်မှတ်ရကျောင်းသား ကျောင်းသူ ၃၂၅ ဦးကို စိုက်ပျိုးရေးနယ်ပယ်အတွက် အင်အားသစ်များအဖြစ် မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မောင်တို့မယ်တို့ အနေဖြင့်လည်း ဒီပလိုမာနှင့် ရောင့်ရဲမနေဘဲ B.Ag , Post Graduate , M.Ag နှင့် Ph.D ဘွဲ့များအထိဖြစ်အောင် ကြိုးစားကြစေလိုပြီး စိုက်ပျိုးရေးပညာဖြင့် နိုင်ငံတွင် လိုအပ်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူများ၏ဘဝကို မြှင့်တင်ပေးနိုင်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ကြီး ဒေါ်ခင်သီတာကျော်က အလယ်အလတ်အဆင့် စိုက်ပျိုးရေးပညာရှင်လက်မှတ် စိုက်ပျိုးရေးဒီပလိုမာပွဲတက်ရယူသူ ၂၁ ဦးနှင့် အဝေးရောက် ဒီပလိုမာရယူသူ ကိုးဦး စုစုပေါင်း ၃၀ ကို စိုက်ပျိုးရေးဒီပလိုမာအပ်နှင်းသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က သုံးနှစ်ဆက်တိုက်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

စိုက်ပျိုးရေးဒီပလိုမာအပ်နှင်းသဘင် အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒီပလိုမာယူသူများနှင့် ၎င်းတို့၏မိဘ၊ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ဂုဏ်ပြုအားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## ဧရာဝတီတိုင်းဒေသကြီး စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**ပုသိမ် ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ပုသိမ်မြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို လစဉ်ဆောင်ရွက်မည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ယခုထက် ပိုမိုစည်ကားအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ပုသိမ်မြို့ အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၏ တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီးနောက် မူလတန်းအဆင့် (ကဗျာရွတ်)၊ အလယ်တန်းအဆင့် (ပုံပြော)၊ အထက်တန်းအဆင့် (ကျပန်းစကားပြော)၊ အလယ်တန်းအဆင့် (စာစီစာကုံး)၊ အထက်တန်းအဆင့် (စာစီစာကုံး)ပြိုင်ပွဲများတွင် အထူးဆု(၂)၊ အထူးဆု(၁)နှင့် တတိယဆုရရှိသူများအား တိုင်းရင်းသားရေးရာဝန်ကြီး၊ လူမှုရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီးတရားသူကြီးချုပ်တို့ကလည်းကောင်း၊ မူလတန်းအဆင့် (ကဗျာရွတ်)၊ အလယ်တန်းအဆင့် (ပုံပြော)၊ အထက်တန်းအဆင့် (ကျပန်းစကားပြော)၊ အလယ်တန်းအဆင့် (စာစီစာကုံး)၊ အထက်တန်းအဆင့် (စာစီစာကုံး) ပြိုင်ပွဲများတွင် ဒုတိယဆုနှင့် ပထမဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့ကလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က တိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက် ၁၀ တိုက်အတွက် အလှူငွေကျပ်သိန်း ၃၀၊ စာအုပ်စာစောင် ၂၄၈၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီးစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌက အလှူငွေကျပ် ငါးသိန်းကိုလည်းကောင်း ပေးအပ်ရာ လူမှုရေးရာဝန်ကြီးက လက်ခံယူသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ပုသိမ်မြို့ အမှတ် (၂၄) အခြေခံပညာမူလတန်းမှ ကျောင်းသား ကျောင်းသူများက တေးသီချင်းဖြင့် ကပြဖျော်ဖြေမှုများ ကြည့်ရှုအားပေးကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## မလှိုင်မြို့နယ်၌ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**မလှိုင် ဇွန် ၂၃**

မလှိုင်မြို့နယ် မှရိုးကျေးရွာအုပ်စု မှရိုးတိုက်နယ်ဆေးရုံ၌ မိုးရာသီလူထုသစ်ပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့က အဆိုပါဆေးရုံဝင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က မှရိုးကျေးရွာ၊ ကံသစ်ကျေးရွာမှ ဒေသခံပြည်သူများကိုလည်းကောင်း အဖွဲ့ဝင် (၂) ဦးအောင်ကျော်သူ၊ အဖွဲ့ဝင်(၃) ဦးသိန်းဟန်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန့်စင်လတ်တို့က ကျွဲကျောင်း၊ ဖက်ကုန်းရွာကိုလည်းကောင်း၊ မြို့နယ်သစ်တောဦးစီးမှူး ဦးချစ်သိန်းက ကူခွဲ၊ မကျီးကန်ကျေးရွာမှ ဒေသခံပြည်သူများကိုလည်းကောင်း ပျိုးပင်များ ပေးအပ်ပြီး တမာ၊ မဲဇလီ၊ ကုက္ကို၊ စိန်ပန်း၊ ရင်းမာ၊ မန်ကျည်း စုစုပေါင်းအပင် ၆၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မြထွန်း(မလှိုင်)**

# နေရပ်ပြန်အရေးနှင့် မြန်မာနိုင်ငံအတွက် အမှန်တရား

**အမှန်တရားနှင့်ပတ်သက်၍ မပြောင်းလဲသော အမှန်တရားတစ်ခုမှာ တည်တံ့ခိုင်မြဲခြင်းပင်ဖြစ်သည်။ မုသားက မည်မျှပင် အားကြီးပါစေ၊ မုသားမည်မျှပင် ခွန်အားပြင်းပြင်း လွှမ်းခြုံထားပါစေ အချိန်ကာလ၏ တိုက်စားမှုအောက်တွင် အမှန်တရားဆိုသည်မှာ မှောင်မိုက်မှုအကြားမှ ငွားငွားစွင့်စွင့် ထွက်ပေါ်လာသည့် သူရိန်နေမင်းကြီးကဲ့သို့ပင် ပေါ်ထွက်လာကာ မုသာဝါဒတို့ လွင့်စဉ်ရစမြဲ။**

*မင်းသော်*

ဘင်္ဂါလီအရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသားများနှင့် နိုင်ငံ့ဦးဆောင်သူအဆက်ဆက် အမြဲခေါင်းကိုက်ကြရသည်။ များပြားလှသည့် ထိုးနှက်မှုများ၊ စွပ်စွဲပြစ်တင်မှုနှင့် သံသယများအကြား ဖြေရှင်းရ၊ တုံ့ပြန်ရနှင့် မူလနိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ကို လျှောက်လှမ်းရာ၌ မကြာခဏဆူးငြောင့်ခလုတ်ဖြစ်ခဲ့ရသည်။ သို့သော် မိမိတို့နိုင်ငံကား အမှန်တရားနှင့် တရားမျှတမှုအတွက် နောက်တွန့်မနေဘဲ လုပ်သင့်လုပ်ထိုက်သည်များကို တစိုက်မတ်မတ် လုပ်ကိုင်နေဆဲ။

ပြီးခဲ့သည့် သီတင်းပတ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံထုတ် သတင်းမီဒီယာတစ်ခု၏ အင်တာဗျူးသတင်းတစ်ပုဒ် ပေါ်ထွက်လာသည်။ ထိုသတင်းမှာ ရခိုင်ပြည်နယ်က နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်စပ်လျဉ်း၍ ဘင်္ဂလားဒေ့ရှ်အခြေစိုက် Daily Jugantor သတင်းဌာနက ဘင်္ဂလားဒေ့ရှ်လွှတ်တော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနဆိုင်ရာ ကော်မတီဥက္ကဋ္ဌ (ယခင်နိုင်ငံခြားရေးဝန်ကြီးဟောင်း) မစ္စတာ အေကေအဗ္ဗဒူ မိုမန်နှင့် အင်တာဗျူးတစ်ရပ်ဖြစ်သည်။ အဆိုပါ အင်တာဗျူးတွင် ဘင်္ဂါလီများသည် သူတို့နိုင်ငံအတွက် ကင်ဆာဆဲလ်များဟု ခိုင်းနှိုင်းထားပြီး မြန်မာနိုင်ငံသည် ဘင်္ဂါလီများကို ပြန်လည်ခေါ်ဆောင်ရန် အစီအစဉ်များရှိသော်လည်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နှင့် အခြားသော နိုင်ငံအချို့က နေရပ်စွန့်ခွာသူများကို မြန်မာနိုင်ငံသို့ မပြန်ကြရန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းများ၌သာ ဆက်လက်နေထိုင်ရန် သွေးထိုးလျက်ရှိနေကြောင်း ထုတ်ဖော်လာခဲ့သည်။

သူက အင်တာဗျူးတွင် ၁၉၉၀ ပြည့်နှစ်များ၌ မြန်မာနိုင်ငံက ဘင်္ဂါလီများ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည့်ဖြစ်စဉ်ကိုလည်း ထည့်သွင်းဖြေကြားပြီး ထိုစဉ်က မီဒီယာ အားမကောင်းသေး၍သာ လူသိမများခဲ့ကြောင်း၊ ယခုတွင်မူ မီဒီယာများတွင် နေရပ်မပြန်ရေးကိုသာ အလေးပေးရေးသားနေကြကြောင်းကိုလည်း ပြောကြားသည်။ ထို့ပြင် ဘင်္ဂါလီများကို နေရပ်ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာ-ဘင်္ဂလားဒေ့ရှ်တို့ နှစ်နိုင်ငံညှိနှိုင်း၍ ဖြေရှင်းနိုင်မည်ဟု သူက ယုံကြည်မှုရှိနေပြီး အခြားသော တတိယနိုင်ငံ၊ အဖွဲ့အစည်း (Third Party) များက ဝင်ရောက်ဆောင်ရွက်ရန် မလိုအပ်ဟု သူ့အမြင်ကို ဖော်ထုတ်ထားသည်။

ဆက်လက်၍ Third Party များသည် မြန်မာနိုင်ငံ၌ အခြေအနေကောင်းများ မရှိ၊ နိုင်ငံသားဖြစ်ခွင့်ရမည်မဟုတ်၊ ပြန်လည်နေရာချထားရေးအတွက် အဆင်သင့်မဖြစ် စသည်ဖြင့် ဝါဒဖြန့်၊ သတင်းမှားများ လွှင့်နေခြင်းကြောင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ မစတင်နိုင်ရကြောင်းကို ပြောကြားခဲ့ရာ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်မဝင်ရောက်ရခြင်း၏ မျက်ကွယ်က အမှန်တရားကို ဖော်ထုတ်လိုက်ခြင်းဖြစ်သည်။ ထို့ပြင် နိုင်ငံတကာမှ ဘင်္ဂါလီအရေးနှင့် ပတ်သက်၍ မြန်မာဘက်ကိုသာ ဖိအားပေးလျက်ရှိခြင်း၏ မရိုးသားမှုများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက ကောင်းစွာသိမြင်လာပြီဟု ယူဆမိပါသည်။

> **“ မိမိတို့နိုင်ငံရှိ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေများမှာ အခြားနိုင်ငံများနည်းတူ နိုင်ငံ၏ လိုအပ်ချက်နှင့် နိုင်ငံအကျိုးစီးပွားကို အဓိက မူတည်ရေးဆွဲထားသော်လည်း မည်သည့် လူမျိုးကိုမှ နိုင်ငံသားဖြစ်ခွင့်ကို ကန့်သတ် မထားဘဲ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် ညီညွတ်လျှင် နိုင်ငံသားဖြစ်ခွင့်ရရှိမည်ဖြစ် သည်။ မြန်မာအနေဖြင့် နှစ်နိုင်ငံသဘော တူညီချက်များနှင့်အညီ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များအတွက် အစဉ်အမြဲတံခါးဖွင့်ထားသည့် နိုင်ငံဖြစ် ”**

> **❖ မူလစင်စစ် ဘင်္ဂါလီများအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် သူတို့၏ မူလဇာတိဖြစ်ကာ မြန်မာနိုင်ငံက ခိုးဝင်ဘင်္ဂါလီပြဿနာများကို ခေတ်အဆက်ဆက်အစိုးရများက ကိုင်တွယ်ဖြေရှင်းခဲ့ရသည်။ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား နေရပ်ပြန်ပို့သည့်အစီအစဉ်များတွင် ၁၉၉၂ ခုနှစ်ကတည်းက သဘောတူညီမှု ၄ ချက် ထားရှိခဲ့သည်။ (က) မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သူဖြစ်ရမည်၊ (ခ) မိမိဆန္ဒအရ ပြန်လာသူဖြစ်ရမည်၊ (ဂ) ကွဲကွာနေသော မိသားစုဝင်များအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံတရားရုံး၏ မှန်ကန်ကြောင်း ထောက်ခံချက်ပါရှိရမည်၊ (ဃ) ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မွေးဖွားခဲ့သည့်ကလေးများ ဖြစ်ပါက မိဘနှစ်ပါးစလုံးသည် မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သူများဖြစ်ရမည်ဟူသည့်အချက်များ ပါဝင်သည်။ ၂၀၁၇ ခုနှစ်တွင် ထပ်တိုးအချက်အဖြစ် (င) နေရပ်စွန့်ခွာသူများက ဘင်္ဂလားဒေ့ရှ်သို့ ရောက်ရှိပြီး မွေးဖွားလာသည့် ကလေးများအတွက် မှန်ကန်ကြောင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ တရားရုံး၏ ထောက်ခံချက် ပါရှိရမည်ဟူသည့်အချက် ထည့်သွင်းထားခဲ့**

တွေ့ဆုံမေးမြန်းမှုတွင် အဆိုပါပုဂ္ဂိုလ်က UNHCR အပါအဝင် နိုင်ငံအချို့သည် ဒုက္ခသည်များကို နေရပ်သို့မပြန်ရန် တိုက်တွန်းကြပြီး လိုအပ်သည်များကိုထောက်ပံ့ပေးမည်ဟု ဆိုကြကြောင်း၊ အမေရိကန်ပြည်ထောင်စုကဲ့သို့သော နိုင်ငံများသို့ ခေါ်ဆောင်မည်ဖြစ်ကြောင်းကိုလည်း မက်လုံးများပေးလေ့ရှိကြောင်း၊ ကော့စ်ဘဇားရှိ ဒုက္ခသည်စခန်းများတွင် နိုင်ငံတကာအဖွဲ့အစည်း များစွာလုပ်ကိုင်နေကြပြီး အလှူငွေများ မည်မျှရရှိ၍ မည်မျှထိရောက်သော လုပ်ငန်းများတွင် မည်သည့်ပမာဏသုံးစွဲနေကြသည် စသည့်အချက်အလက်များ မသိရဘဲ လုပ်ကိုင်နေကြသဖြင့် ယင်းတို့အား အမြန်ဆုံးပိတ်သိမ်းသင့်ကြောင်း ဆိုထားသည်။ ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နိုင်ငံတကာအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကို ကြပ်မတ်နေပြီဟုလည်း သူကပြောသည်။

### ဘင်္ဂါလီအရေးဘယ်ကစ

မြန်မာနိုင်ငံ၏ စုစုပေါင်း လူဦးရေအနက် ငါးရာခိုင်နှုန်းသည် အစ္စလာမ်ဘာသာဝင်များဖြစ်ကြပြီး အစ္စလာမ်ဘာသာနှင့် ပတ်သက်၍ မည်သည့်ပြဿနာတစ်စုံတစ်ရာမျှ မဖြစ်ပွားခဲ့ဖူးချေ။ ၂၀၁၂ ခုနှစ်တွင် ရခိုင်တိုင်းရင်းသူတစ်ဦး အဓမ္မကျင့်ခံရသည့်ဖြစ်စဉ် နောက်ပိုင်း ရခိုင်တိုင်းရင်းသားများနှင့် ဘင်္ဂါလီတို့အကြား အမျက်သင့်ကြရင်း ယင်းနှစ် ဇွန်လနှင့် အောက်တိုဘာလများတွင် မောင်တောတစ်ဝိုက်နှင့် ရခိုင်ပြည်နယ်တောင်ပိုင်းရှိ ရခိုင်တိုင်းရင်းသားကျေးရွာများ၊ ပြည်သူများနှင့် သံဃာတော်များကို ပစ်မှတ်ထားကာ မီးရှို့ခြင်း၊ အကြမ်းဖက်သတ်ဖြတ်ခြင်းများကို ဘင်္ဂါလီများက ပြုလုပ်ခဲ့ကြသည်။ ၂၀၁၆၊ ၂၀၁၇ ခုနှစ်များတွင်တော့ ရခိုင်ပြည်နယ်မြောက်ပိုင်း ရဲကင်းများနှင့် တပ်စခန်းများတို့ကို အစွန်းရောက်ဘင်္ဂါလီများနှင့် ARSA အကြမ်းဖက်အဖွဲ့ဝင်များက ကြိုတင်အကွက်ချ စီစဉ်တိုက်ခိုက်ခဲ့ကြပြီး ရဲစခန်းနှင့် တပ်စခန်းများအပြင် ဒေသခံ ဟိန္ဒူမိသားစုဝင်နှင့် ဒေသခံ ရခိုင်တိုင်းရင်းသားမိသားစုများ၏ နေအိမ်များမီးရှို့ခြင်း၊ အကြမ်းဖက်သတ်ဖြတ်ခြင်း၊ အုပ်စုလိုက်သတ်ဖြတ်ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ကြသည်။ တပ်မတော်က ပြန်လည်ခုခံကာကွယ်ထိုးစစ်ဆင်သဖြင့် တိုက်ခိုက်မှုမအောင်မြင်ချိန်ဝယ် ဒေသခံများကို ခြိမ်းခြောက်ကာ ကျေးရွာများကို ကိုယ်တိုင်မီးရှို့စေပြီး စွန့်ခွာထွက်ပြေးစေရန် လှုံ့ဆော်ခဲ့ကြသည်။

ထိုသို့သော အကြမ်းဖက်သမားများ၊ နောက်ကွယ်မှ သွေးထိုးမြှောက်ပင့်နေခဲ့ကြသည့် အမေရိကန်၊ OIC နှင့် ကုလသမဂ္ဂတို့၏ လက်ချက်ဖြင့်ပင် ဘင်္ဂါလီတို့အလုံးအရင်းဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ရောက်ရှိကာ နေရပ်စွန့်စွာသူ ဒုက္ခသည်များဖြစ်လာကြရသည်၊ ARSA အကြမ်းဖက်များ၏ တိုက်ခိုက်မှု၊ ဖိအားပေးမှု၊ ခြိမ်းခြောက်မှု၊ သတ်ဖြတ်၍ နေအိမ်များ ဖျက်ဆီးမီးရှို့မှုအခြေအနေမှန်များကား မီဒီယာများတွင် ဖော်ပြခွင့်မရခဲ့ဘဲ တစ်ဖက်သတ်လိုရာဆွဲ၍ မြန်မာစစ်တပ်ကြောင့် နေရပ်စွန့်ခွာသွားခဲ့ရပုံဟု ကမ္ဘာ့မီဒီယာများတွင် ဝိုင်းဝန်းလုပ်ကြံဖော်ပြခဲ့ကြသည်။ အာဆာအကြမ်းဖက်များကြောင့် ထိခိုက်ခဲ့ရသော ရခိုင်တိုင်းရင်းသားများ၊ ဟိန္ဒူလူမျိုးများအတွက်မူ လျစ်လျူရှုခဲ့ကြသည်။

မူလစင်စစ် ဘင်္ဂါလီများအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် သူတို့၏ မူလဇာတိဖြစ်ကာ မြန်မာနိုင်ငံက ခိုးဝင်ဘင်္ဂါလီပြဿနာများကို ခေတ်အဆက်ဆက်အစိုးရများက ကိုင်တွယ်ဖြေရှင်းခဲ့ရသည်။ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား နေရပ်ပြန်ပို့သည့်အစီအစဉ်များတွင် ၁၉၉၂ ခုနှစ်ကတည်းက သဘောတူညီမှု ၄ ချက် ထားရှိခဲ့သည်။ (က) မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သူဖြစ်ရမည်၊ (ခ) မိမိဆန္ဒအရ ပြန်လာသူဖြစ်ရမည်၊ (ဂ) ကွဲကွာနေသော မိသားစုဝင်များအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တရားရုံး၏ မှန်ကန်ကြောင်း ထောက်ခံချက်ပါရှိရမည်၊ (ဃ) ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မွေးဖွားခဲ့သည့် ကလေးများဖြစ်ပါက မိဘနှစ်ပါးစလုံးသည် မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သူများဖြစ်ရမည်ဟူသည့်အချက်များ ပါဝင်သည်။ ၂၀၁၇ ခုနှစ်တွင် ထပ်တိုးအချက်အဖြစ် (င) နေရပ်စွန့်ခွာသူများက ဘင်္ဂလားဒေ့ရှ်သို့ ရောက်ရှိပြီး မွေးဖွားလာသည့် ကလေးများအတွက် မှန်ကန်ကြောင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ တရားရုံး၏ ထောက်ခံချက်ပါရှိရမည်ဟူသည့်အချက် ထည့်သွင်းထားခဲ့သည်။

### ဥပဒေနှင့်ညီညွတ်ပါက တံခါးဖွင့်ထားသည့်နိုင်ငံ

ရခိုင်ပြည်နယ်အတွင်း ၂၀၂၂ ခုနှစ် ဧပြီလအထိ နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်သူ ဘင်္ဂါလီဦးရေ တစ်သိန်းကျော်အပါအဝင် ဧည့်နိုင်ငံသားစိစစ်ရေးကတ်၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားစိစစ်ခံရမည့်သူကတ် ကိုင်ဆောင်သူ နှစ်သိန်းခွဲခန့်ရှိခဲ့သည်။ မိမိတို့နိုင်ငံရှိ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာဥပဒေများမှာ အခြားနိုင်ငံများနည်းတူ နိုင်ငံ၏ လိုအပ်ချက်နှင့် နိုင်ငံအကျိုးစီးပွားကို အဓိကမူတည်ရေးဆွဲထားသော်လည်း မည်သည့်လူမျိုးကိုမှ နိုင်ငံသားဖြစ်ခွင့်ကို ကန့်သတ်မထားဘဲ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် ညီညွတ်လျှင် နိုင်ငံသားဖြစ်ခွင့်ရရှိမည်ဖြစ်သည်။ မြန်မာအနေဖြင့် နှစ်နိုင်ငံ သဘောတူညီချက်များနှင့်အညီ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များအတွက် အစဉ်အမြဲ တံခါးဖွင့်ထားသည့် နိုင်ငံဖြစ်သည်။

၂၀၁၇ ခုနှစ်ဖြစ်စဉ်နောက်ပိုင်းမှစတင်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာသွားသည့် နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံနိုင်ရေး နှစ်နိုင်ငံ စတင်ဆွေးနွေးညှိနှိုင်းခဲ့သည်။ အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းမှုများကြောင့်ပင် ၂၀၁၈ ခုနှစ် နိုဝင်ဘာလနှင့် ၂၀၁၉ ခုနှစ် ဩဂုတ်လများတွင် နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံနိုင်ရေးနယ်စပ်တွင် အဆင်သင့်ပြင်ထားနိုင်ခဲ့သည်။ သို့သော် တစ်ဖက်နိုင်ငံ ဒုက္ခသည်စခန်းများတွင် အဖျက်အမှောင့်လုပ်ဆောင်သူများ၏ ပယောဂနှင့် ခြိမ်းခြောက်မှု ဖိအားများကြောင့် မအောင်မြင်ခဲ့ဘဲ နှစ်နိုင်ငံသဘောတူထားသည့် နေရပ်ပြန်ရေးအစီအစဉ်သည် စတင်နိုင်ခြင်းမရှိသည့်အပြင် ပြန်လည်ခေါ်ဆောင်ရန် အဆင်သင့်ပြင်ဆင်ထားသည့် မြန်မာနိုင်ငံဘက်သို့ မဟုတ်မမှန်စွပ်စွဲပြစ်တင်မှုများဖြင့် ကမ္ဘာ့မီဒီယာများက ရည်ရွယ်ချက်ရှိရှိ ထိုးနှက်ဖော်ပြခဲ့ကြသည်။

*စာမျက်နှာ ၁၁ သို့*

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် မြို့ကြီးရေလှောင်တမံမှ ဆည်ရေခွဲဝေအသုံးပြုနိုင်ရေးနှင့် မိတ္ထီလာခရိုင် စိုက်ပျိုးရေရရှိရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇွန် ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဇွန် ၂၁ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီးရှိ မြို့ကြီးရေလှောင်တမံ၏ ဝင်ရေသိုလှောင်ထားရှိမှု၊ တမံကြံ့ခိုင်မှုနှင့် တမံမှ ရေပေးဝေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ကျိုင်းခမ်းရေလှောင်တမံ စီမံကိန်းမှ ရေလွှဲပေးပို့ကာ ဇော်ဂျီရေလှောင်တမံမှတစ်ဆင့် မြို့ကြီးရေလှောင် တမံသို့ ရေဖြည့်တင်းပေးခြင်းအားဖြင့် ရေသိုလှောင်မှု ပိုမိုရရှိလာသည့် ရေများကို မိတ္ထီလာလွင်ပြင် ရေပိုမိုရရှိရေးအတွက် စီမံဆောင်ရွက်ရန်နှင့် လိုအပ်သော တိုင်းတာမှုများ ကွင်းဆင်းဆောင်ရွက်မှုကို အချိန်မီတင်ပြနိုင်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မြို့ကြီး ရေလှောင်တမံ ရေဝင်ရောက်မှုနှင့် ရေလွှဲဆည်မှ ကင်းတားလက်ယာမြောင်းသို့ ရေကူးပေးပို့မည့် မြို့ကြီးမြောင်းမတော် အမှတ် (၁)၏ ရေစီးရေလာအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြို့ကြီးမြောင်းမတော် အမှတ်(၁)မှ ကင်းတားလက်ယာ တူးမြောင်း ရေသောက်စနစ်သို့ရေပို့လွှတ်နိုင်မည့် အခြေအနေနှင့် ပန်းလောင်မြစ်အတွင်းသို့ ဆက်သွယ်တူးမြောင်းဖောက်လုပ်၍ ရေချပေးခြင်းအားဖြင့် ပန်းလောင်မြစ်ပေါ်တွင် တည်ဆောက်ထားသော မယ်ဇယ်ပင်သာရေလွှဲဆည်၊ ကျီးမဲရေလွှဲဆည်နှင့် စမာရေလွှဲဆည်များ၏ ရေသောက်စနစ်များ ရေပေးဝေနိုင်မည့်အခြေအနေကို ကွင်းဆင်းစစ်ဆေးပြီး လက်ရှိစိုက်ပျိုးနိုင်သည့် စိုက်ပျိုးမြေများအပေါ်တွင် သီးထပ်သီးနှံများ တိုးတက်စိုက်ပျိုးနိုင်ရန်နှင့် ဆည်ရေမရရှိသေးသည့် နေရာများတွင် ဆည်ရေရရှိအောင် ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။



အလားတူ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်နှင့် ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲမှ တာဝန်ရှိသူများသည် မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးမြေ ဧရိယာအသစ်များ တိုးတက်ပေးဝေနိုင်ရေးအတွက် ဒေသအတွင်း ရေရှိရနိုင်မည့် အရင်းအမြစ်နေရာများ ရှာဖွေဆောင်ရွက်ပေးလျက်ရှိရာ ပျော်ဘွယ်မြို့နယ် အရှေ့ဘက်ခြမ်းရှိ ကျောက်အိုးရေလှောင်တမံ အဆိုပြုနေရာနှင့် ဖျောက်ဆိပ်ပင်ရေလှောင်တမံ ဆောင်ရွက်နိုင်မည့် အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ရေလှောင်တမံများ တည်ဆောက်နိုင်ပါက မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးမြေဧရိယာအသစ်များကို ရေပိုမိုပေးဝေနိုင်မည်ဖြစ်သဖြင့် အသေးစိတ်ထပ်မံတိုင်းတာခြင်းနှင့် စူးစမ်းလေ့လာခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဥတ္တရသီရိမြို့နယ်၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး စစ်ဆေး

**နေပြည်တော် ဇွန် ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ အချိန်မီ ဆောင်ရွက်နိုင်ရေး အတွက် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။



ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် နေပြည်တော်တိုင်း မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမြတ်သီဟနှင့် တာဝန်ရှိသူများက လာရောက်စစ်ဆေးခြင်းဖြစ်ပြီး ဥတ္တရသီရိမြို့နယ် မီးသတ်ဦးစီးမှူး ဦးစိုးသက်နောင်က စခန်းရှိ မီးသတ်ယာဉ်များအား သင့် ၄ သင့် မြန် ၃ မြန်နှင့်အညီ မီးသတ်ယာဉ်များ စနစ်တကျဆောင်ရွက်ထားရှိမှု အအခြေအနေများ၊ သဘာဝ ဘေးအန္တရာယ်များ တွေ့ကြုံလာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဦးစီးမှူး ဦးမြတ်သီဟက လိုအပ်သည်များကို မှာကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

## ဖျာပုံမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဆွေးနွေး

**ဖျာပုံ ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ အခြေခံပညာဦးစီးဌာနမှ ဦးစီးကျင်းပသော မြို့နယ်အဆင့် ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ



အောင်ချက်မြင့်မားရေး ဆွေးနွေးပွဲကို ဇွန် ၂၃ ရက် နံနက် ၁၀ နာရီက ဖျာပုံမြို့ အထက - ၁ ကျောင်း ရာပြည့်ခန်းမ၌ ကျင်းပသည်။

အဆိုပါမြို့နယ်အဆင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဆွေးနွေးပွဲ ကျင်းပရာတွင် ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်းက အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဆရာမကြီး ဒေါ်အေးမြင့်က ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်နှင့် အောင်ချက်မြင့်မားရေးဆိုင်ရာ လုပ်ဆောင်ရမည့်လုပ်ငန်းများကို အသေးစိတ်ရှင်းလင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဖျာပုံမြို့နယ်အတွင်းရှိ အခြေခံပညာ ဦးစီးဌာနလက်အောက်ရှိ အထက်တန်း၊ အလယ်တန်း ကျောင်းများမှ ကျောင်းအုပ် ဆရာ/ဆရာမကြီးများက တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် မြင့်မားရသည့် အကြောင်းရင်းများနှင့် အောင်ချက်နည်းရသည့် အကြောင်းရင်းများ၏သုံးသပ်ချက်များနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အတွက်ဆောင်ရွက်မည့်အစီအစဉ်များကို အသေးစိတ်ဆွေးနွေးတင်ပြကြရာ ခရိုင်ပညာရေးမှူး ဆရာမကြီးက ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

အတွင်း စားသုံးဆီများ ဖြည့်တင်း ဆောင်ရွက်ကြသည်။ လက်ရှိအချိန်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆီသိုလှောင်ကန်ကြီးများတွင် ဆီတန်ချိန် ၄၀၀၀၀ ကျော် ရှိပြီးဖြစ်ကြောင်း သိရသည်။

၎င်းဆီသိုလှောင်ကန်များမှ စားသုံးဆီများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက သတ်မှတ်ထားသော ဈေးနှုန်းများဖြင့် ပြည်သူများ၏ လက်ဝယ်သို့ အမြန်ဆုံးဖြန့်ဖြူးရောင်းချနိုင်ရေး စားသုံးဆီတင် မော်တော်ယာဉ်ကြီးများဖြင့် ဆီထည့်သွင်းနေမှုကို ယမန်နေ့က တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးသည်။

"ကျန်းမာရေးနှင့် ညီညွတ်သည့်စားသုံးဆီများကို ပြည်တွင်းမှာဖူလုံရေးအတွက် စဉ်ဆက်မပြတ် စီစဉ်ဆောင်ရွက်ပေးနေပါတယ်။ ဖြန့်ဖြူးမှုအနေနဲ့ လက်ရှိတိုင်းနဲ့ပြည်နယ် အသီးသီးမှာရှိတဲ့ စားသုံးသူများရဲ့ လိုအပ်ချက်အတိုင်း အနီးစပ်ဆုံးလိုအပ်ချက်ပြည့်မီအောင် ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ဥပမာ - ရန်ကုန်ဆိုရင် ဆီတန်ချိန်တစ်သောင်းလေးထောင်ခန့်၊ မန္တလေးဆိုရင် ဆီတန်ချိန်ခုနစ်ထောင်ခန့် ဖြန့်ဖြူးပေးတယ်။ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးကိုလည်း လိုအပ်ချက်အတိုင်း လစဉ်ဖြန့်ဖြူးပေးလျက်ရှိပါတယ်" ဟု မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းလင်းက စားသုံးဆီတင်သွင်းဖြန့်ဖြူးနေမှုကို လာရောက်စစ်ဆေးစဉ် ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးမှူး ဦးကျော်ကျော်လွင်က "လက်ရှိ ဖြန့်ချိရေးအပိုင်းမှာ ကုမ္ပဏီ ၂၆ ခုနဲ့ လစဉ်တန်ချိန် ၃ သောင်းကျော် တင်သွင်းပြီး ဖြန့်ချိပေးနေပါတယ်။ ရန်ကုန်တိုင်းအတွင်းမှာ လက်လီဆိုင်ပေါင်း ၅၈၀၀ ကျော်ရှိပါတယ်။ အဲဒီဆိုင်တွေက နေ့စဉ်ထုတ်ရတဲ့ဆီကို မြို့နယ်အလိုက် တစ်ရက်ဆီပီပါ ၂၆၆၀ ကျော် ဖြန့်ချိပေးရပါတယ်။ ရန်ကုန်တိုင်းဒေသကြီး ၄၄ မြို့နယ်က လက်ရှိလူဦးရေ၊ ဝန်ထမ်းအင်အား၊ ဘာသာရေးအဖွဲ့အစည်းတွေ အပါအဝင် လက်ဖက်ရည် ဆိုင်လေးတွေက အစ အကြော်အလှော်ဆိုင်လေးတွေအထိတွက်ချက်ပြီး မြို့နယ်တစ်မြို့နယ်ချင်းအလိုက် သတ်မှတ်ချက်နဲ့အညီ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်" ဟု ပြောကြားသည်။ မြန်မာနိုင်ငံတွင် ဆီစားသုံးသူပြည်သူများ စိတ်ချမ်းသာစွာ သုံးစွဲနိုင်ရန်အတွက် ဆီတင်သင်္ဘောကြီးများ အဆက်မပြတ်ဝင်ရောက်နိုင်ရန် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ထားရှိကြောင်း မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

*စာမျက်နှာ ၁၀ မှ*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်ယူပြီးနောက်ပိုင်းတွင်လည်း နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံနိုင်ရေးကို နှစ်နိုင်ငံ သဘောတူညီချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်ခြင်းလုပ်ငန်းစဉ်အပြင် နှစ်နိုင်ငံ ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးများ၊ နည်းပညာဆိုင်ရာဆွေးနွေးမှုယန္တရားအသစ်များကိုပါ တိုးချဲ့ဆွေးနွေးလျက်ရှိပါသည်။ ထို့ပြင် ပြန်လည်လက်ခံရေးစခန်းများနှင့် ကြားစခန်းများအား ပြန်လည်ပြင်ဆင်မှု၊ ပြန်လည်နေရာချထားရာတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ နေထိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးအစရှိသည့် အခြေခံလိုအပ်ချက်များကို ကြိုတင်ပြင်ဆင်ထားရှိပြီး ဖြစ်ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာအဖြစ် ရောက်ရှိသွားသော ဘင်္ဂါလီအရေးအတွက်မှာ လူဝင်မှုကြီးကြပ်ရေးစာရင်းဇယားများအရ ခုနစ်သိန်းခွဲခန့်ရှိမည်ဟု သိရှိရသော်လည်း နိုင်ငံတကာအဖွဲ့အစည်းများကမူ ၁ ဒသမ ၂ သန်းအထက်ရှိသည်ဟု ပိုမိုချဲ့ကားထုတ်ပြန်ထားကြသည်။ ယခု နိုင်ငံခြားရေးဝန်ကြီးဟောင်း၏ အင်တာဗျူးသည် မြန်မာနိုင်ငံအတွက် အမှန်တရားတစ်စွန်းတစ်စကို ထုတ်ဖော်ပြသလိုက်ခြင်းဖြစ်ပြီး ပြန်လည်ခေါ်ယူရေးအတွက် မြန်မာ - ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့များ၏ ဆောင်ရွက်မှုကို ပိုမိုအားဖြည့်ပေးနိုင်မည်ဟု မျှော်လင့်ရသည်။ နှစ်ဖက်အပြန်အလှန်နားလည်မှု၊ အပြုသဘောဆောင်ကာ ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်လေးစားမှု၊ နှစ်နိုင်ငံသဘောတူညီချက်များကို လေးစားလိုက်နာမှုများဖြင့် ဆောင်ရွက်ကြသည်နှင့်အမျှ ရလဒ်ကောင်းများနှင့် အမှန်တရား ပိုမိုပေါ်လွင်လာတော့မည်ဖြစ်ပါကြောင်း။ ။

# အမျိုးသားစာပေတစ်သက်တာဆု၊ ပခုက္ကူစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရှင် ဝဏ္ဏကျော်ထင် ဆရာကြီး ဒေါက်တာသန်းဦး ကွယ်လွန်

**ရန်ကုန် ဇွန် ၂၃**

အမျိုးသားစာပေတစ်သက်တာဆု (၂၀၂၂ ခုနှစ်)၊ ပခုက္ကူစာပေတစ်သက်တာဆု (၂၀၁၈ခုနှစ်)နှင့် အမျိုးသားစာပေဆုရှင် ဝဏ္ဏကျော်ထင် ဆရာကြီး ဒေါက်တာသန်းဦး(ပြည်စိုးမင်း)ကို အဖ ဦးဘိုးသောင်၊ အမိ ဒေါ်အိုတို့က ၁၉၂၈ ခုနှစ် ဧပြီ ၁၃ ရက်တွင် ပြည်မြို့ ချောင်းနားတန်းရပ်၌ မွေးဖွားသည်။

ပြည်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီး နိုင်ငံတော် တန်းမြင့်ကျောင်းတွင် ဆက်လက်ပညာသင်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီအေ(အီးဒီ)ဘွဲ့ကို ဂုဏ်ထူးနှစ်ဘာသာဖြင့် ပထမရရှိခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် M.Ed ဘွဲ့ကို အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီတက္ကသိုလ်မှ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

၁၉၅၄ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ ပုတီးကုန်းမြို့နှင့် အုတ်ဖိုမြို့တို့ရှိ အထက်တန်းကျောင်းများနှင့် ပုသိမ်ဆရာအတတ်သင်ကျောင်းတို့တွင် ကျောင်းအုပ်ကြီး၊ ၁၉၇၆ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ မြန်မာနိုင်ငံ ပညာရေးသုတေသနဗျူရိုတွင် ဥက္ကဋ္ဌ၊ ၁၉၇၇ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ အခြေခံပညာဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်၊ ၁၉၈၉ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန၏ အကြံပေးပုဂ္ဂိုလ်၊ ၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့တွင် အဖွဲ့ဝင် တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၆၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်တွင် B.Ed စာမေးပွဲ၌ ပထမရသဖြင့် မဟာသရေ




စည်သူ ဒေါက်တာဘဦး၏ ရွှေတံဆိပ်ဆု၊ ၁၉၉၉ ခုနှစ်တွင် အမျိုးသားစာပေဆု၊ ၂၀၁၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် အထူးဘွဲ့နှင်းသဘင်၌ ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့၊ အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီတက္ကသိုလ်၏ (၁၀၄) ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် ဂုဏ်ထူးဆောင်လူမှုရေးအကျိုးပြုစာပေပါရဂူဘွဲ့၊ နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ၂၀၁၈ ခုနှစ်တွင် ပခုက္ကူစာပေတစ်သက်တာ စာပေဆုတို့ ချီးမြှင့်ခံခဲ့ရသည်။

ဆရာကြီး ဒေါက်တာသန်းဦးသည် ပညာရေးနယ်ပယ်တွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း နိုင်ငံတော်၏ တာဝန်ပေးအပ်မှုအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြင်သစ်၊ သီရိလင်္ကာ၊ ထိုင်း၊ တောင်ကိုရီးယား၊ ဖိလစ်ပိုင်၊ ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ အမေရိကန်၊ အင်ဒိုနီးရှားနှင့် ဟန်ဂေရီနိုင်ငံများသို့ ပညာရေး လေ့လာရေးခရီးများ သွားရောက်ခြင်း၊ ဆွေးနွေးပွဲနှင့်အစည်းအဝေးများ တက်ရောက်ခြင်းတို့ ဆောင်ရွက်ခဲ့သည်။ ဆရာကြီးသည် ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများစွာကို နိုင်ငံတော်အတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ဆရာကြီး ဒေါက်တာ သန်းဦးသည် မြန်မာနိုင်ငံ ပညာရေးလောက၏ ဦးသျှောင်ပုဂ္ဂိုလ်ကြီး တစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံပညာရေးလောက ဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခု အသက် ၉၆ နှစ်တိုင် ဘဝတစ်လျှောက်လုံး ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ပညာရှင်ကြီးဖြစ်ပါသည်။ ဆရာကြီးသည် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ နေထိုင်ပြီး ဇွန် ၂၃ ရက်က ကွယ်လွန်သွားခဲ့သဖြင့် မြန်မာ့ပညာရေးလောကအတွက် ကြီးမားသော ဆုံးရှုံးမှုဖြစ်သည်။

မြန်မာ့အလင်း

## ကျောက်တန်းမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုး

**ကျောက်တန်း ဇွန် ၂၃**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့၌ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၃ ရက် နံနက် ၉ နာရီက မြို့အဝင်မုခ်ဦး၌ ကျင်းပသည်။

အဆိုပါ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးမြင့်ဦး၊ လက်ထောက်အင်ဂျင်နီယာ ဦးခိုင်မြင့်နှင့်အဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးအောင်ကျော်ဝင်း ဦးစီးအဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဒေါ်စုရတနာလှ‌ဌေးဦးစီးအဖွဲ့တို့က တက်ရောက်လာသောသူများနှင့်အတူ မဟော်ဂနီ၊ စိန်ပန်း၊ ငုဝါနှင့် ခရေ စုစုပေါင်း အပင် ၂၅၀ တို့ကို စုပေါင်းစိုက်ပျိုးကြသည်။ ၂၀၉



## ပြင်ဦးလွင်မြို့နယ် မေရှိုးမန်းသယ်ယူပို့ဆောင်ရေး သမဝါယမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာစည်းဝေး

**ပြင်ဦးလွင် ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မေရှိုးမန်းသယ်ယူပို့ဆောင်ရေးသမဝါယမအသင်း လီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့်ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို



အသင်း အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးကြည်၊ ပြင်ဦးလွင်ခရိုင်ပို့/ဆက်ဦးစီးဌာနမှ ဦးစီးမှူး ဦးမောင်မောင်အေးထွန်း၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်များ၊ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့ဝင်များ၊ အသင်းသား အသင်းသူများ တက်ရောက်ကြသည်။

### အတည်ပြုချက်ရယူ

အစည်းအဝေးတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းကို ဒေါ်မျိုးသီရိခိုင်က ဖတ်ကြားပြီး အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အတွင်းရေးမှူး ဦးဇော်မင်းအောင်က ဖတ်ကြားကာ သဘာပတိက အသင်းသားအသင်းသူများထံမှ အတည်ပြုချက်ရယူသည်။

### ထောက်ပံ့ပေးအပ်

အသင်းသား အသင်းသူများအား အစုပေါ်အမြတ်ငွေကျပ် သိန်း ၁၀၀ ၊ ပညာသင်စရိတ် ထောက်ပံ့ ငွေကျပ် ၂၅ ဒသမ ၉ သိန်း၊ စုစုပေါင်း ငွေကျပ် ၁၂၅ ဒသမ ၉ သိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း မြို့နယ်သမဝါယမဦးစီးဌာနမှ သိရသည်။

ဖြူလူသစ်(ပြန်/ဆက်)

## သီပေါမြို့နယ်၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

**သီပေါ ဇွန် ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များအား အခွန်နှင့်ပတ်သက်သည့် ကိစ္စရပ်များ သိရှိစေရေးအတွက် အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးရုံး၌ ကျင်းပရာ အခွန်ထမ်းလုပ်ငန်းရှင် ၂၅ ဦး တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်မြင့်မြင့်စောနီက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အခွန်ဘဏ္ဍာငွေတိုးတက်ကောက်ခံရရှိရေးနှင့် အခွန်ထမ်းများ အခွန်ဆိုင်ရာတည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရေးအတွက် ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုက်နာရမည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့်လုပ်ငန်းစဉ်များ ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်အခွန်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားပြီး ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။ **စိုင်း(သီပေါ)**



## ၂၀၂၇ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် အသင်း ၂၄ သင်း ပါဝင်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇွန် ၂၃**

၂၀၂၇ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲကို အသင်းစုစုပေါင်း ၂၄ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်း ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အာရှဖလား တတိယအဆင့်ခြေစစ်ပွဲကို ၂၀၂၅ ခုနှစ် မတ်လမှ ၂၀၂၆ ခုနှစ် မတ်လအထိ တစ်နှစ်ကြာကျင်းပမည်ဖြစ်ပြီး အသင်းစုစုပေါင်း ၂၄ သင်းကို လေးသင်း ခြောက်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ ၂၀၂၆ ကမ္ဘာ့ဖလား ဒုတိယအဆင့်ခြေစစ်ပွဲနှင့် တစ်ပေါင်းတည်းကျင်းပသည့် ဒုတိယအဆင့်ခြေစစ်ပွဲအပြီးတွင် အုပ်စုတစ်ခုစီမှ ပထမနှင့်ဒုတိယနေရာရ အသင်း ၁၈ သင်းမှာ ၂၀၂၇ အာရှဖလားခြေစစ်ပွဲအောင်မြင်ပြီး ၂၀၂၆ ကမ္ဘာ့ဖလား တတိယအဆင့်ခြေစစ်ပွဲ ဆက်လက်ကစားခွင့်ရမည်ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲတွင် အမှတ်အနည်းဆုံးရရှိသည့် မြန်မာအသင်းအပါအဝင် အာဖဂန်နစ္စတန်၊ မလေးရှား၊ ဆီးရီးယား၊ ဘင်္ဂလားဒေ့ရှ်၊ တာဂျစ်ကစ္စတန်၊ တရုတ်(တိုင်ပေ)၊ နီပေါ၊ ထိုင်း၊ ဟောင်ကောင်၊ ပါကစ္စတန်၊ တာ့ခ်မင်နစ္စတန်၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ လက်ဘနွန်၊ စင်ကာပူ၊ ယီမင်တို့မှာ ၂၀၂၇ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ ဆက်လက်ကစားရမည်ဖြစ်သည်။ ပထမအဆင့်ခြေစစ်ပွဲမှ ထွက်ခဲ့ရသည့်အသင်းများအနက် ဘူတန်၊ လာအိုနှင့် မော်လ်ဒိုက်အသင်းတို့မှာ တတိယအဆင့်ခြေစစ်ပွဲ တိုက်ရိုက်ကစားခွင့်ရမည်ဖြစ်ပြီး ကမ္ဘောဒီးယား၊ သီရိလင်္ကာ၊ မကာအို၊ မွန်ဂိုလီးယား၊ တီမောနှင့် ဘရူနိုင်းအသင်းတို့မှာ Play-off ထပ်မံကစားရမည်ဖြစ်သည်။

၂၀၂၇ အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် အသင်းစုစုပေါင်း ၂၄ သင်း ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး အသင်း ၁၈ သင်း ထွက်ပေါ်ပြီးဖြစ်သောကြောင့် တတိယအဆင့်ခြေစစ်ပွဲမှ ခြောက်သင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ မြန်မာအသင်းသည် အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် ၁၉၆၈ ခုနှစ် တစ်ကြိမ်သာ ယှဉ်ပြိုင်ဖူးပြီး ယင်းအကြိမ်တွင် ဒုတိယဆုရရှိခဲ့သည်။

ရဲရင့်လွင်

## မြောက်ဥက္ကလာပမြို့နယ် ပြည့်ချမ်းသာသမဝါယမအသင်းစုလီမိတက် အသင်းသားများအား အစုပေါ်အမြတ်ငွေပေးအပ်

**ရန်ကုန် ဇွန် ၂၃**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ခ) ရပ်ကွက်ရှိ ပြည့်ချမ်းသာရောင်းဝယ်ရေး သမဝါယမအသင်း၏၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ် အကြိမ်(၃၀)မြောက်နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက (ခ)ရပ်ကွက် လူထုဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာမြို့နယ်သမဝါယမအသင်းဥက္ကဋ္ဌ ဦးအောင်ငြိမ်းက အစုပေါ်အမြတ်ပေးနိုင်မှုနှင့် အသင်းလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သီတာမွန်က သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးစိုးမြင့်က သမဝါယမသမိုင်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး အသင်းသားများအားအစုပေါ်အမြတ်ငွေကျပ် ၁၄၇၀၀၀၀ ပေးအပ်ကြောင်း သိရသည်။ **အာကာလင်း**

## လူငယ်တိုင်းအတွက် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရန် ဖီဂျီဝန်ကြီးချုပ် တိုက်တွန်း

ဆူဗာ ဇွန် ၂၃



လူမှုအသိုက်အဝန်းများနှင့် လုပ်ငန်းရှင်များအနေဖြင့် ကျောင်းထွက်ရသည့် လူငယ်တိုင်းအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်တိုက်တွန်းထားပြီး ကျောင်းထွက်ရခြင်းမှာ ၎င်းတို့ဘဝအတွက် အမည်းစက်တစ်ခုသဖွယ်မဖြစ်သင့်ကြောင်း ဖီဂျီဝန်ကြီးချုပ် စီတီဗင်နီရာဘူကာက ပြောကြားသည်။

ဝန်ကြီးချုပ် ရာဘူကာ၏ အဆိုအရ နှစ်စဉ် ဖီဂျီရှိ လူငယ် ၁၈၀၀၀ ကျော်သည် ကျောင်းမှထွက်သွားကြပြီး ၎င်းတို့အနက် ၁၄၀၀၀ ခန့်သည် အလုပ်အကိုင်ဈေးကွက်သို့ ဝင်ရောက်နိုင်သည့် အမျိုးသားများ ဖြစ်သည်ဟု ဖီဂျီရုပ်သံကော်ပိုရေးရှင်းက ဇွန် ၂၃ ရက်တွင် ဖော်ပြသည်။

တစ်နှစ်လျှင် အလုပ်အကိုင်ရှာဖွေသူ ၇၀၀၀ မှ ၈၀၀၀ ခန့်ကိုသာ အလုပ်အကိုင် ဖန်တီးပေးနိုင်သည်ဟု ၎င်းက ဆိုသည်။ ဖီဂျီ၌ ကျေးလက်မှ မြို့ပြသို့ ပြောင်းရွှေ့နေထိုင်မှုများလည်း ကြုံတွေ့နေရပြီး အလုပ်အကိုင်အခွင့်အလမ်းအပေါ် ဖိအားများ ထပ်မံတိုးလာသည်ဟု ဝန်ကြီးချုပ်က ပြောကြားသည်။

အစိုးရက လူငယ်များအားလက်ခံသည့် လူ့အဖွဲ့အစည်းကို ဖန်တီးရန် စိတ်အားထက်သန်ပြီး လူငယ်အင်အားသည် နိုင်ငံတိုးတက်ဖို့အတွက် အရေးပါသည်ဟု အသိအမှတ်ပြုကြောင်း၊ အသက် ၁၅ နှစ်နှင့် ၂၄ နှစ်ကြား လူငယ်များသည် ဖီဂျီနိုင်ငံ လူဦးရေ၏ ၃၀ ရာခိုင်နှုန်းနီးပါးကို ကိုယ်စားပြုကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

ဆင်ဟွာ

## မန်ချက်စတာလေဆိပ်တွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကြောင့် လေယာဉ်ခရီးစဉ် နှောင့်နှေးမှုများ ဖြစ်ပေါ်

လန်ဒန် ဇွန် ၂၃

မန်ချက်စတာလေဆိပ်တွင် ဇွန် ၂၃ ရက် နံနက်အစောပိုင်းက လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် လေယာဉ်ခရီးစဉ်များ နှောင့်နှေးခြင်းနှင့် ခရီးစဉ်ဖျက်သိမ်းလိုက်ရခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် အနှောင့်အယှက်များ သိသိသာသာဖြစ်ပေါ်ခဲ့ပြီး လေဆိပ်ဂိတ် ၁ နှင့် ဂိတ် ၂ တို့ကို အသုံးပြုမည့်သူများအတွက် လေကြောင်းခရီးစဉ်များ ဖျက်သိမ်းကြောင်း လေဆိပ်မှ သတင်းထုတ်ပြန်ခဲ့သည်။

ဇွန် ၂၃ ရက်တွင် အဆိုပါဂိတ်များကို အသုံးပြုမည့် ခရီးသည်များအတွက် နောက်ထပ်အကြောင်းကြားမှု တစ်စုံတစ်ရာမရှိသရွေ့ လေဆိပ်သို့ မလာရန်လည်း အကြံပြုထားသည်။ ဇွန် ၂၃ ရက် နံနက် ၁၁ နာရီခွဲအထိ လေယာဉ်ခရီးစဉ်ပေါင်း ၁၅ ခုကျော်ကို ဖျက်သိမ်းခဲ့ရသည်ဟု သိရသည်။ ယင်းသို့ခရီးစဉ်များ နှောင့်နှေးရသည့်အတွက် ခရီးသွားများထံမှ မကျေနပ်ချက်များ ဖြစ်ပေါ်ခဲ့သည်။

လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိသည့်အခါ လေဆိပ်အတွင်း စောင့်ဆိုင်းနေကြသည့် ခရီးသည်များ လေယာဉ်ပေါ်တက်နိုင်ရေး အစွမ်းကုန်ကြိုးပမ်းပေးခဲ့သည်ဟု မန်ချက်စတာအပြည်ပြည်ဆိုင်ရာ လေဆိပ်က သတင်းထုတ်ပြန်သည်။ အင်္ဂလန်မြောက်ပိုင်းရှိ မန်ချက်စတာ လေဆိပ်သည် ၂၀၂၃ ခုနှစ်တွင် ခရီးသွားပေါင်း ၂၅ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့သည်။

အဆိုပါလေဆိပ်၏ အဆင့်မြှင့်တင်ရေးအစီအစဉ် နောက်ဆုံးအဆင့်ကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၄ ဘီလီယံ အကုန်အကျခံကာ ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းစဉ်ကို ၂၀၂၅ ခုနှစ်တွင် ပြီးစီးရန် မျှော်မှန်းထားသည်။

ဆင်ဟွာ




မန်ချက်စတာလေဆိပ်တွင် စောင့်ဆိုင်းနေကြသည့် ခရီးသည်များကို တွေ့ရစဉ်။

## အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ အပြန်အလှန် ရန်လိုသောလုပ်ရပ်များ ဆက်လက်လုပ်ဆောင်

ဂျေရုဆလင် ဇွန် ၂၃

အိမ်နီးချင်းလက်ဘနွန်နိုင်ငံရှိ ဟစ်ဇ်ဘိုလာ၏ စစ်ရေးပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောသည်။ အဆိုပါတိုက်ခိုက်မှုသည် နှစ်ဖက်အကြား တိုက်ခိုက်မှုများ ဆက်တိုက်လုပ်ဆောင်ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

**လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်**

လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ ဟစ်ဇ်ဘိုလာပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့မှုနှင့်ပတ်သက်ပြီး အစ္စရေးလေတပ်က သောကြာနေ့တွင် လူမှုကွန်ရက်၌ ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။ ဟစ်ဇ်ဘိုလာအဖွဲ့ကလည်း အစ္စရေးကို ဒရုန်းနှင့် အခြားသောတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြောင်း ပြောသည်။

အရှေ့အလယ်ပိုင်းဒေသတွင် ပဋိပက္ခကျယ်ပြန့်လာမှုအပေါ် နိုင်ငံတကာစိုးရိမ်မှုများ မြင့်တက်လျက်ရှိကြောင်း သိရသည်။ သောကြာနေ့တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်ဇ်က အရေးပေါ်သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ပြီး ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ကြရန် နှစ်ဖက်စလုံးကို တောင်းဆိုခဲ့သည်။

**ရှောင်ရှားရမည်ဖြစ်**

ထို့ပြင် အရှေ့အလယ်ပိုင်းဒေသတွင် စစ်မက်ဖြစ်ပွားမှု ကျယ်ပြန့်လာနိုင်သည့် အန္တရာယ်မှာ အမှန်တကယ်ဖြစ်ပြီး ရှောင်ရှားရမည် ဖြစ်ကြောင်း ဂူတာရက်ဇ်က ပြောသည်။


**ဆက်လက်တိုက်ခိုက်ခွင့်မပြု**

ဟစ်ဇ်ဘိုလာအကြမ်းဖက် အဖွဲ့အစည်းကို အစ္စရေးပိုင်နက်နှင့် နိုင်ငံသားများအား ဆက်လက်တိုက်ခိုက်ခွင့်မပြုနိုင်ကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ကတ်ဇ်က သောကြာနေ့တွင် ပြောသည်။

အင်န်အိတ်ချ်ကေ

## အိုကီနာဝါတိုက်ပွဲ (၇၉) နှစ်မြောက် အောက်မေ့ဖွယ် အခမ်းအနားကျင်းပ

တိုကျို ဇွန် ၂၃



ဒုတိယကမ္ဘာစစ်၏ နိဂုံးပိုင်း လွန်ခဲ့သည့် (၇၉) နှစ်ခန့်က ဂျပန်နိုင်ငံ တောင်ပိုင်း အိုကီနာဝါတွင် ဖြစ်ပွားခဲ့သော ပြင်းထန်သည့် မြေပြင်တိုက်ပွဲ အောက်မေ့ဖွယ် အခမ်းအနားကို နောက်ဆုံးတိုက်ပွဲ ဖြစ်ပွားခဲ့သည့် အစ်တိုမန်မြို့ရှိ ငြိမ်းချမ်းရေး အထိမ်းအမှတ်ပန်းခြံ၌ ဇွန် ၂၃ ရက်က ကျင်းပရာ အခမ်းအနားကို တက်ရောက်သူများက အောက်မေ့ဖွယ် ခေတ္တငြိမ်သက်ခဲ့ကြသည်။

**စစ်ပွဲ၏ဒဏ်ကို မခံစားစေရ**

အိုကီနာဝါ စစ်ပွဲကြောင့် ထိခိုက်ခံစားရသူများအားလုံးကို စစ်ပွဲ၏ဒဏ်ကို ဘယ်တော့မှ ထပ်၍ မခံစားစေရဟု ဆုံးဖြတ်ထားပြီး လူတိုင်းပျော်ရွှင်အေးချမ်းစွာ နေထိုင်နိုင်သည့် ကမ္ဘာကိုရရှိအောင် ကြိုးပမ်းကြမည်ဟု ကတိပြုကြောင်း ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါက ပြောကြားသည်။

**နှစ်သိန်းကျော် အသက်ဆုံးရှုံးခဲ့ရ**

အဆိုပါ တိုက်ပွဲအတွင်း လူပေါင်း နှစ်သိန်းကျော် သို့မဟုတ် အိုကီနာဝါမြို့ခံ ပြည်သူလူထု၏ လေးပုံတစ်ပုံခန့် အသက်ဆုံးရှုံးခဲ့ရသည်။ ၁၉၄၅ ခုနှစ် ဇွန် ၂၃ ရက်ကို ဂျပန်ဘုရင့်တပ်ဖွဲ့နှင့် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ တိုက်ခိုက်ခဲ့သည့် အိုကီနာဝါတိုက်ပွဲ နောက်ဆုံးနေ့အဖြစ် အသိအမှတ်ပြုခဲ့သည်။

အိုကီနာဝါအခြေစိုက် အတွေးအခေါ်ပညာရှင်တစ်ဦးက ယင်းစစ်ပွဲကို တွေ့ကြုံခဲ့ရသော အိုကီနာဝါ ဒေသခံအရေအတွက်သည် ယခုအခါ စီရင်စုလူဦးရေ၏ ၁၀ ရာခိုင်နှုန်း အောက်သာရှိတော့ကြောင်း ပြောကြားသည်။

အင်န်အိတ်ချ်ကေ

## အီရတ်နိုင်ငံ၌ လေကြောင်းတိုက်ခိုက်မှုကြောင့် အိုင်အက်စ်စစ်သွေးကြွ ခုနစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၂၃

ဘဂ္ဂဒက်မြောက်ပိုင်း ဆာလာဟူဒင်ပြည်နယ်၌ အိုင်အက်စ်တို့ ခိုအောင်းသည့်နေရာသို့ လေကြောင်းတိုက်ခိုက်မှု နှစ်ခုလုပ်ဆောင်ခဲ့ရာ အိုင်အက်စ်စစ်သွေးကြွ ခုနစ်ဦးသေဆုံးကြောင်း အီရတ်တပ်မတော်က ဇွန် ၂၂ ရက်တွင် ပြောကြားသည်။

အီရတ်စစ်လေယာဉ်သည် ပြည်နယ်၏ အရှေ့မြောက်ဘက်ဒေသရှိ တောင်တန်းဒေသတစ်ခုတွင် အိုင်အက်စ်တို့ ခိုအောင်းသည့်နေရာနှင့် အစွန်းရောက်စစ်သွေးကြွများ အသုံးပြုသည့် ဥမင်လိုဏ်ခေါင်းတစ်ခုပေါ်သို့ လေကြောင်းတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ကနဦးသတင်းများအရ အဆိုပါဗုံးကြဲတိုက်ခိုက်မှုကြောင့် ထိပ်တန်း ပုဂ္ဂိုလ်တစ်ဦးအပါအဝင် အိုင်အက်စ်ခုနစ်ဦးသေဆုံးကြောင်း သိရသည်။

၂၀၁၇ ခုနှစ် အိုင်အက်စ်တို့ရှုံးနိမ့်သည့်အချိန်မှစ၍ အီရတ်နိုင်ငံ၌ လုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်လာခဲ့သော်လည်း အိုင်အက်စ်လက်ကျန်များက မြို့ပြများ၊ သဲကန္တာရများနှင့် ကြမ်းတမ်းသည့်ဒေသများ၌ ခိုအောင်းကာ လုံခြုံရေးတပ်ဖွဲ့များနှင့် အရပ်သားများကို မကြာခဏတိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

# မြင်းခြံမြို့နယ် မြင်းခြံ-မကျီးသမျှားသွား ကားလမ်းပေါ်တွင် PDF အမည်ခံအကြမ်းဖက်သမားများက ပစ်ခတ်၍ ဆရာတော်တစ်ပါး ပျံလွန်တော်မူခဲ့ရပြီး အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇွန် ၂၃**

၂၀၂၄ ခုနှစ် ဇွန် ၂၃ ရက် နံနက် ၀၀ : ၁၅ နာရီခန့်တွင် မြင်းခြံမြို့နယ်၏ အရှေ့တောင်ဘက် ၂ မိုင်ခန့်အကွာ မြင်းခြံမြို့နယ် မကျီးသမျှားကျေးရွာ၏ မြောက်ဘက် မြင်းခြံ-မကျီးသမျှားသွား ကားလမ်းတွင် မော်တော်ယာဉ်တစ်စီးအား PDF အမည်ခံအကြမ်းဖက်သမားများက ပစ်ခတ်၍ ဒဏ်ရာရရှိခဲ့ကြောင်း သတင်းအရ အခင်းဖြစ်ရာသို့ ဇွန် ၂၃ ရက် နံနက် ၀၀ : ၅၀ နာရီခန့်တွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်အဖွဲ့များ ပါဝင်သော လုံခြုံရေး ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် မြင်းခြံမြို့နယ် စခမကျေးရွာ မြတ်ပုည ပရဟိတအသင်း တံဆိပ်ပါ NOAH ခဲရောင်(နံပါတ်မပါ) မော်တော်ယာဉ်ပေါ်၌ မြင်းခြံမြို့နယ် စခမကျေးရွာ ရွာဦးကျောင်းမှ လက်ထောက်ကျောင်းထိုင် ဆရာတော် ဘဒ္ဒန္တ ဥတ္တမ၊ သက်တော်(၅၀)၊ ဝါတော်(၁၂)ဝါတွင် ဝဲနံဘေး ကျည်ဖောက်ဝင် ဒဏ်ရာတစ်ချက်၊ ဝဲချိုစောင်း ကျည်ဖောက်ဝင် ဒဏ်ရာတစ်ချက်၊ ယာနောက်ကျော ကျည်ဖောက်ဝင် ဒဏ်ရာနှစ်ချက်တို့ဖြင့် ပျံလွန်တော်မူနေသည်ကို တွေ့ရှိရပြီး ဦးအောင်မျိုးသောင်း၊ ၄၀ နှစ်(ဘ)ဦးအောင်သောင်း စခမကျေးရွာနေသူတွင် ဝဲဒူးခေါင်း အထက် ကျည်ဖောက်ဝင် ဒဏ်ရာတစ်ချက်၊ ဝဲနားနောက် ပေါက်ပြဲဒဏ်ရာတစ်ချက် ရရှိနေသည်ကို တွေ့ရှိရပြီး မောင်းနှင်လာသည့် မော်တော်ယာဉ်၏ အမိုးပေါ်တွင် လုံခြုံရေး မီးတန်းပုံစံပါရှိသဖြင့် လုံခြုံရေးယာဉ်အဖြစ် မှားယွင်းပစ်ခတ်ခြင်းဖြစ်နိုင်ကြောင်း သိရသည်။

ဖြစ်စဉ်ကို စိစစ်ခဲ့ရာ ၂၀၂၄ ခုနှစ် ဇွန် ၂၂ ရက် ည ၁၀ နာရီခန့်တွင် စခမကျေးရွာနေ မဝင့်ဝါအေး၊ အသက်(၂၈)နှစ်(ဘ) ဦးအေးသောင်းသည် ဗိုက်အောင့်ဝေဒနာ ခံစားနေရသည့်အတွက် စခမကျေးရွာ မြတ်ပုညပရဟိတအသင်းယာဉ်ဖြင့် ဘဒ္ဒန္တ ဥတ္တမက မောင်းနှင်ပြီး အဖော်အဖြစ် ဦးအောင်မျိုးသောင်းကို ခေါ်ဆောင်၍ ထွက်လာခဲ့ကြောင်း၊ ထို့နောက် မဝင့်ဝါအေး အား မြင်းခြံမြို့ အမှတ်(၇)ရပ်ကွက်ရှိ ဖခင်ဖြစ်သူ ဦးအေးသောင်း နေအိမ်သို့ ပို့ဆောင်၍ စခမကျေးရွာသို့ ပြန်လည်ထွက်ခွာလာခဲ့ရာ မြင်းခြံ-မကျီးသမျှားသွား ကားလမ်း ဖြစ်စဉ်နေရာအနီး အရောက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ပစ်ခတ်ခံရမှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ဦးအောင်မျိုးသောင်း၏ ပြောဆိုချက်အရ သိရသည်။

အဆိုပါဖြစ်စဉ်တွင် ပျံလွန်တော်မူခဲ့သည့် ဆရာတော်နှင့် ဒဏ်ရာရရှိသူတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့နံနက် ၁ နာရီ မိနစ် ၃၀ ခန့်တွင် မြင်းခြံခရိုင် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



PDF အမည်ခံအကြမ်းဖက်သမားများ၏ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဦးအောင်မျိုးသောင်း။



PDF အမည်ခံအကြမ်းဖက်သမားများ၏ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ပျံလွန်တော်မူခဲ့သည့် မြင်းခြံမြို့ စခမကျေးရွာနေ ရွာဦးကျောင်းမှ လက်ထောက်ကျောင်းထိုင် ဆရာတော် ဘဒ္ဒန္တ ဥတ္တမ။






"မြတ်ပုည" ပရဟိတ အသင်းမော်တော်ယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။




မြင်းခြံမြို့နယ် စခမကျေးရွာနေ ရွာဦးကျောင်းမှ လက်ထောက်ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ဥတ္တမနှင့် ဦးအောင်မျိုးသောင်း တို့အား PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့် ဖြစ်စဉ်ပြပုံ။

## မောင်တောမြို့ရှိ ရပ်ကွက်များတွင် နေထိုင်လျက်ရှိသည့် အိမ်ထောင်စုဝင်များအတွက် ဆန်အိတ်များထောက်ပံ့ပေးအပ်



**နေပြည်တော် ဇွန် ၂၃**

ရခိုင်ပြည်နယ် မောင်တောမြို့ရှိ ရပ်ကွက်များတွင် နေထိုင်လျက်ရှိသော ဒေသခံပြည်သူ အိမ်ထောင်စုဝင်များ စားရေးအထောက်အကူဖြစ်စေရန်အတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဇွန် ၂၂ ရက်တွင် မောင်တောမြို့ရှိရပ်ကွက်နေ ဒေသခံပြည်သူများထံ ဆန်အိတ်များကို လက်ဝယ်အရောက် ထောက်ပံ့ပို့ဆောင်ပေးခဲ့သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် မောင်တောမြို့ ရပ်ကွက်(၁) ရှိ အိမ်ထောင်စု ၁၉၀ ၊ ရပ်ကွက် (၂) ရှိ အိမ်ထောင်စု ၆၁၃ စု၊ ရပ်ကွက် (၃) ရှိ အိမ်ထောင်စု ၁၀၄ စု၊ ရပ်ကွက် (၄) ရှိ အိမ်ထောင်စု ၁၈၇ စု၊ ကညင်တန်းရပ်ကွက်ရှိ အိမ်ထောင်စု ၆၀၆ စုနှင့် မောင်နီရပ်ကွက်ရှိ အိမ်ထောင်စု ၃၁၉ စု၊ စုစုပေါင်း အိမ်ထောင်စု ၂၀၁၉ စုတို့အတွက် အိမ်ထောင်စု တစ်စုလျှင် ဆန်အိတ် တစ်အိတ်နှုန်းဖြင့် ဆန်အိတ်ပေါင်း ၂၀၁၉ အိတ် ထောက်ပံ့ ပေးအပ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ငွေကြေးကြောင့် အလောင်းမထုတ်နိုင်သည့် မလေးရှားရောက် မြန်မာအမျိုးသမီး၏ ရုပ်အလောင်းကို သင်္ဂြိုဟ်ပေး

**ရန်ကုန် ဇွန် ၂၃**

မလေးရှားနိုင်ငံတွင် ယာဉ်မတော်တဆမှုကြောင့် သေဆုံးခဲ့ရပြီး ငွေကြေးကြောင့် အလောင်းမထုတ်နိုင်ခဲ့သောကြောင့် ပိုင်ရှင်မဲ့အဖြစ်ရှိနေသည့် မြန်မာအမျိုးသမီး၏ ရုပ်အလောင်းကို မလေးရှားရောက် မြန်မာများက ဝိုင်းဝန်းအလှူငွေထည့်ပြီး သင်္ဂြိုဟ်ပေးနိုင်ခဲ့ကြောင်း မြန်မာလူမှုကူညီရေးအသင်း (မလေးရှား) ဥက္ကဋ္ဌ ဦးစန်းဝင်းက ပြောသည်။

သေဆုံးသူ အမျိုးသမီးသည် အသက် ၃၇ နှစ်အရွယ်ရှိသူဖြစ်ကာ မလေးရှားနိုင်ငံ လန်ကာဝီကျွန်းတွင် တရားမဝင် နေထိုင်အလုပ်လုပ်ကိုင်ခြင်းဖြစ်ပြီး ဇွန် ၂ ရက်က ဆိုင်ကယ်ကယ်ရီဖြင့် ဈေးသွားဝယ်စဉ် ၎င်းစီးလာသော ဆိုင်ကယ်ကို နောက်မှ ကားတိုက်ရာ အပြင်းအထန် ဒဏ်ရာရသောကြောင့် လန်ကာဝီ ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူခဲ့စဉ် ဇွန် ၈ ရက်က ဆေးရုံ၌ပင် ကွယ်လွန်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကားသမားကလည်း မောင်းပြေးသွားတယ်။ သူက ဒီမှာ ဆွေမျိုးလည်း မရှိဘူး။ နေတာလည်း ကြာပြီ။ မြန်မာနိုင်ငံက မိသားစုကိုလည်း ဆက်သွယ်မရဘူး။ သူဆုံးတော့ ဆေးရုံမှာ ပေးရမယ့် ဆေးဖိုးက ရင်းဂစ် ခုနစ်ထောင်ကျော်တယ်။ အဲဒီတော့ မပေးနိုင်ဘူးဆိုတော့ သင်္ဂြိုဟ်ဖို့က အခက်အခဲ ဖြစ်နေခဲ့တာ။ သူ့အသိတွေကလည်း မပေးနိုင်ဘူး" ဟု ၎င်းက ဆိုသည်။

အဆိုပါ သတင်းကို ကြားသိသော မလေးရှားနိုင်ငံ နဂရီဆင်ပီလန်းခရိုင် ဆရင်ဗန်းမြို့ရှိမြန်မာဘုန်းတော်ကြီးကျောင်း ဖြစ်သည့် ဗောဓိဥယျာဉ်ကျောင်းဆရာတော်က လန်ကာဝီကျွန်းရှိ မြန်မာနိုင်ငံသားများနှင့် မြို့ခံများကို ညှိနှိုင်းတိုင်ပင်ကာ အလှူငွေကောက်ခံပြီး ဆေးရုံစရိတ်ပေးကာ ဇွန် ၂၁ ရက်တွင် အဆိုပါကျွန်း၌ပင် မီးသင်္ဂြိုဟ်နိုင်ခဲ့ကြောင်း သိရသည်။

"လန်ကာဝီကျွန်းက သူ့မိတ်ဆွေတွေကလည်း အလှူငွေထည့်ကြပါတယ်။ ဒါပေမယ့် ဆေးရုံစရိတ်ကရပြီး မီးသင်္ဂြိုဟ်မယ့် ကိစ္စအတွက် ရင်းဂစ်သုံးထောင့်ငါးရာ လိုနေတဲ့အခါ နာရေးကုမ္ပဏီကို ဒီအကြောင်း ရှင်းပြတော့ ကုမ္ပဏီဘက်ကနေ တစ်ပြားမှ မယူဘဲ ကူညီပေးသွားခဲ့ပါတယ်" ဟု ဦးစန်းဝင်းက ဆိုသည်။ **Htet Oo Maung**

| ယူရို ၂၀၂၄ | |
|---|---|
| **အုပ်စုပွဲစဉ် (၃)** | |
| **ဇွန် ၂၅ ရက်** | **နံနက် ၁ နာရီခွဲ** |
| ခရိုအေးရှား - အီတလီ | |
| အယ်ဘေးနီးယား - စပိန် | |
| June 24 | |

ယူရို ၂၀၂၄ ပြိုင်ပွဲ အုပ်စု (ခ) နောက်ဆုံးပွဲစဉ်တွေကို ဇွန် ၂၅ ရက် နံနက်ပိုင်းမှာ ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အုပ်စုပထမနေရာနဲ့ အကောင်းဆုံးအုပ်စု တတိယနေရာအတွက် အသင်းတိုင်းက အကြိတ်အနယ်ယှဉ်ပြိုင်ကစားသွားမှာဖြစ်လို့ ရလဒ်ဘယ်လိုထွက်မလဲဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

## အီတလီကို နိုင်ပွဲရမှ ခရိုအေးရှား နောက်တစ်ဆင့်တက်ရေး ရင်အေးနိုင်မယ်

■ မိုးဇက် - ရေးသားသည်

### ခရိုအေးရှား VS အီတလီ

နောက်တစ်ဆင့်တက်လှမ်းဖို့အတွက် ခရိုအေးရှားအသင်းရော အီတလီအသင်းပါနိုင်ပွဲရရေး ခြေကုန်ထုတ်လာမှာဖြစ်တာကြောင့် အကြိတ်အနယ်ရှိလာမှာပါ။ ပွဲစဉ် (၂) အပြီးမှာ အီတလီက ရမှတ်သုံးမှတ်ရရှိထားပြီး ခရိုအေးရှားက တစ်မှတ်သာရရှိထားသေးတယ်။

အီတလီအသင်းက ဒီပွဲစဉ်မှာ တစ်မှတ်ရရင် နောက်တစ်ဆင့်တက်လှမ်းနိုင်မှာဖြစ်ပေမယ့် ပြိုင်ဘက်ခရိုအေးရှားအသင်းက မဖြစ်မနေနိုင်ပွဲရမှ နောက်တစ်ဆင့်တက်ရေးမျှော်လင့်နိုင်မှာဖြစ်တယ်။ ပွဲရလဒ်အဖြေကို အချိန်မရွေးပြောင်းလဲနိုင်စွမ်းရှိတဲ့ အသင်းနှစ်သင်းတွေ့ဆုံမှုဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်ပြီး အဆုံးသတ်သေချာတဲ့အသင်းသာ နိုင်ပွဲရရှိဖွယ်ရှိတယ်။

### အယ်ဘေးနီးယား VS စပိန်

စပိန်အသင်းက ဒီပွဲစဉ်မတိုင်မီ နှစ်ပွဲကစား နှစ်ပွဲနိုင် ရမှတ်ခြောက်နဲ့ နောက်တစ်ဆင့်တက်လှမ်းထားနိုင်ပေမယ့် စပိန်ကို အနိုင်ရမှ နောက်တစ်ဆင့်တက်ရေးမျှော်လင့်ချက် ရှင်သန်လာမှာဖြစ်တဲ့ ပြိုင်ဘက်အယ်ဘေးနီးယားအသင်းရဲ့ စွမ်းဆောင်ရည်ကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာဦးမှာပါ။

သို့သော်လည်း စပိန်အသင်းက အရည်အသွေးမြင့် ထိပ်တန်းကစားသမားတွေရှိတဲ့အပြင် အသင်းလိုက်စုဖွဲ့မှုမှာလည်း သာလွန်တဲ့အဆင့်တစ်ခုမှာရှိတာကြောင့် အယ်ဘေးနီးယားအသင်း အမြင့်ဆုံးအခက်တွေ့အောင်သာ ဖိအားပေးကစားနိုင်ဖွယ်ရှိပြီး နိုင်ပွဲရတဲ့အထိ စွမ်းဆောင်နိုင်ဖွယ်မရှိဘူး။

## တရားမဝင် သစ်မျိုးစုံ၊ ဆေးဝါးများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျည်ကာအင်္ကျီ (သံပြားမပါ) အထည် ၃၀ အပါအဝင် ကုန်ပစ္စည်း ခြောက်မျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ကောင်းမှုတော်လမ်းဆုံအနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် သံပြားအပါး ၂၆၆ ချပ်၊ သံပြားအထူ ၉၂ ချပ်၊ သံပိုက်လုံး ၂၄၁၅ လုံး၊ သံပိုက်ချောင်း ၇၃၂၈ ချောင်း၊ ကြေးပိုက် ခွေ ၁၀ ခွေပါ ၁၉ ဖာ၊ မြေတူးစက် တစ်လုံး၊ နှမ်းနက် ၃၃အိတ် အပါအဝင် ကုန်ပစ္စည်း ၄၁ မျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၅၃၉၃၉၇၉) ကို ဖမ်းဆီးရမိခဲ့ပြီး **(အောက်ပုံ)** ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇွန် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ဝ ဒသမ ၇၄၁ တန်၊ သစ်မာ ဝ ဒသမ ၅၅၃ တန်၊ အခြားသစ် ၂ ဒသမ ၈၈၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၀၇၉၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၈၁၄၇၆၉) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**







* *ကျောဖုံးမှ*

အဆိုပါပွဲစဉ်ကို ကိုလုံးမြို့ရှိ ကိုလုံးအားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၄၂၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ ရိုမေးနီးယားအသင်းသည် ဘယ်လ်ဂျီယံအသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့်အတွက် အုပ်စုနောက်ဆုံးပွဲစဉ်မတိုင်မီ နောက်တစ်ဆင့်တက်လှမ်းနိုင်မည့်အခွင့်အရေး ဆုံးရှုံးခဲ့သည်။

ဘယ်လ်ဂျီယံအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂ မိနစ်နှင့် မိနစ် ၈၀ တွင် တိုင်လီမန်းစ်နှင့် ဒီဘရိုင်းတို့ က သွင်းယူပေးခဲ့သည်။ ရိုမေးနီးယားအသင်းသည် ဘယ်လ်ဂျီယံအသင်းဘက်သို့ ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေးအချို့ ဖန်တီးနိုင်ခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိခဲ့ပေ။

အဆိုပါ အုပ်စု၌ ပွဲစဉ် (၂) အပြီးတွင် ရမှတ်ပြတ်သားစွာထွက်ပေါ်ထားခြင်းမရှိဘဲ ပြိုင်ပွဲဝင်လေးသင်းစလုံး ရမှတ်သုံးမှတ်စီရရှိထားသောကြောင့် နောက်တစ်ဆင့်တက်ရေးအတွက် အုပ်စုနောက်ဆုံးပွဲစဉ်ကို အကြိတ်အနယ် ယှဉ်ပြိုင်ကစားရတော့မည်ဖြစ်သည်။ **အောင်ဇော်**

# ကမ္ဘာပေါ်က အစောဆုံးသမဝါယမအကြောင်း သိကောင်းစရာ

မြင့်စိုး(နတလ)

**ကမ္ဘာ့ပထမဆုံး သမဝါယမအသင်း ရော့ခ်ဒေးလ်** သမဝါယမစနစ်သည် ခရစ်နှစ် ၁၈၀၀ ကျော်နှင့် ၁၉ ရာစုအတွင်း ဥရောပနိုင်ငံအချို့တွင် တဖြည်းဖြည်း စတင်ပေါ်ပေါက်လာနေပြီဖြစ်သည်။ ၁၉ ရာစုအတွင်း ပေါ်ပေါက်လာသည်ဆိုရာတွင် အဆိုပါသမဝါယမစနစ်ကို လူအများ အမှန်တကယ် အကျိုးရှိရှိခံစားနိုင်အောင် ထိရောက်အောင်မြင်စွာ ကျင့်သုံးနိုင်ခဲ့သော ကမ္ဘာ့ပထမဆုံးသမဝါယမ အသင်း စတင်တည်ထောင်ဖွဲ့စည်းခဲ့သည့် အချိန်ကာလကို သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ စီးပွားရေးကျပ်တည်းလာမှု၊ စားဝတ်နေရေးမပြေလည်မှု၊ လူမှုရေးအခက်အခဲများ ဖြစ်ပေါ်လာမှုတို့ကြောင့် ဆင်းရဲဒုက္ခများစွာ ကြုံတွေ့လာရသောအခါ ယင်းအခြေအနေမှ လွတ်မြောက်ရန်အတွက် ၁၈ ရာစု အလယ်ပိုင်းလောက်တွင် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းခဲ့ကြရင်း ရှေ့ပြေးသမဝါယမအသင်းများကို စမ်းသပ်ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။

ဥရောပတိုက်ရှိ ဗြိတိန်နိုင်ငံသည် ၁၈၃၆ ခုနှစ်မှစ၍ စီးပွားရေးအခြေအနေများ ဆုတ်ယုတ်လာကာ ၁၈၄၀ မှ ၁၈၄၉ ခုနှစ်များအတွင်း စီးပွားရေးကပ်ဆိုက်ခဲ့သည်။ အဆိုပါဆိုးရွားလှသော စီးပွားရေးဆုတ်ကပ်ကို ချည်ထည်နှင့်သိုးမွေးထည်များ ရက်လုပ်မှုဖြင့် အသက်မွေးဝမ်းကျောင်းကြသည့် လင်ကရှိုင်းယား (Lancashire) နယ်လည်း တွေ့ကြုံခံစားကြရသည်။ ထိုနယ်အတွင်းရှိ ရော့ခ်ဒေးလ်မြို့လေးတွင် လူဦးရေ ၂၅၀၀၀ ခန့် နေထိုင်လျက်ရှိကြပြီး ချည်ထည်သိုးမွေးထည်များကို ရှေးနှစ်ပေါင်းများစွာကတည်းက လက်ရက်ကန်းများဖြင့် ရက်လုပ်ရင်း အသက်မွေးခဲ့ကြသည်။ ထိုသို့နေလာရာက ယင်းမြို့လေးသို့ ၁၈၂၀ ပြည့်နှစ်တွင် ချည်ထည်ရက်လုပ်သော စက်ရက်ကန်းများ ရောက်ရှိလာသည်။ ၁၈၃၁ ခုနှစ်တွင် သိုးမွေးထည်ရက်လုပ်သော စက်များရောက်ရှိလာကြသည်။ ဒေသခံများက ၁၈၄၀ ပြည့်နှစ်စွန်းစွန်းထိ လက်ရက်ကန်းများ ရက်လုပ်ရင်း နေထိုင်လာခဲ့ကြရာ အချိန်ကြာလာသည်နှင့်အမျှ စက်ရက်ကန်းအလုပ်ရုံများကို မယှဉ်ပြိုင်နိုင်တော့ပေ။ မိမိတို့လက်ရက်ကန်းများကို စွန့်လွှတ်ကာ စက်ရက်ကန်းအလုပ်ရုံများတွင် ဝင်ရောက်လုပ်ကိုင်ကြရတော့သည်။ အချို့က အလုပ်လက်မဲ့ ဖြစ်ကုန်ကြသည်။ စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်သူများရော၊ အလုပ်လက်မဲ့များပါ အရင်းရှင်စနစ်ဆိုး၏ဒဏ်ကို အလူးအလဲ ကြုံတွေ့ခဲ့ကြရသည်။ ကုန်စုံဆိုင်များတွင် အမျိုးအစားညံ့ဖျင်းသော၊ ရောနှောထားသော စားသောက်ကုန်များကို မတန်တဆဈေးကြီးပေး၍ ဝယ်စားကြရသည်။ လုပ်ခများကိုလည်း သုံးပုံတစ်ပုံမှသည် ထက်ဝက်ခန့်ထိ လျှော့ချပေးချေလာကြသည်။ လုပ်ခလျှော့ပေးမှုကို ကန့်ကွက်သော သပိတ်မှောက်မှုများကိုမူ ၁၈၀၈ ခုနှစ်ကတည်းက ဥရောပတွင် မြင်တွေ့လာရပြီဖြစ်သည်။

၁၈၄၃ ခုနှစ်တွင် ရော့ခ်ဒေးလ်မြို့ စက်ရုံများမှ အလုပ်သမားများ သပိတ်မှောက်ကြသည်။ သို့သော် အရင်းရှင်တို့၏ ဖိနှိပ်မှုကြောင့် အောင်မြင်မှုမရဘဲ အလုပ်လက်မဲ့များ ဖြစ်သွားကြသည်။ ဆင်းရဲဒုက္ခများ ပိုမိုတွေ့ကြုံလာရသဖြင့် ယင်းဒုက္ခများမှ လွတ်မြောက်ရန်နှင့် ဆက်လက်လုပ်ကိုင်မည့် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးအတွက် အစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်ခဲ့ကြသည်။ မိမိတို့ဘဝ ရပ်တည်နိုင်ရေးအတွက် လောလောဆယ် အရေးကြီးဆုံးဖြစ်သည့် လိုအပ်ချက်များကို ဆန်းစစ်ဖော်ထုတ်ကြသည်။ ကမ္ဘာ့သမဝါယမသမိုင်းတွင် ထင်ရှားသောပုဂ္ဂိုလ်များဖြစ်ကြသည့် ဗြိတိန်နိုင်ငံသား ရောဘတ်အိုဝင် (၁၇၇၁-၁၈၅၈)၊ ဒေါက်တာဝီလျံကင်း (၁၇၈၆-၁၈၆၅) တို့၏ အတွေးအခေါ်များနှင့် လုပ်ငန်းစဉ်များကို ပြန်လည်ဖော်ထုတ်သုံးသပ်ဆွေးနွေးခဲ့ကြသည်။ ယင်းသို့ တိုင်ပင်ဆွေးနွေးကြရာတွင် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေး၊ အမျိုးအစား မှန်ကန်သော စားသုံးကုန်များကို အန္တရာယ်ကင်းစွာ ဝယ်ယူစားသုံးနိုင်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်သောနေအိမ်များတွင် သက်သာချောင်ချိစွာ နေထိုင်ရေး စသော အဓိကလိုအပ်ချက်များကို လက်တွေ့ကျကျစဉ်းစားပြီး စားသုံးကုန်များ ရောင်းချသည့် ကုန်စုံဆိုင်တစ်ခုကို တည်ထောင်ဖွင့်လှစ်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ယင်းဆုံးဖြတ်ချက်အရ ရော့ခ်ဒေးလ်မြို့မှ ဖလန်နယ်ရက်ကန်းရက်လုပ်သူ ၂၈ ဦးသည် စိတ်တူကိုယ်တူဖြင့် ကုန်စုံဆိုင်ထူထောင်ရန် လိုအပ်သော မတည်ရင်းနှီးငွေအတွက် တစ်ဦးလျှင် ဗြိတိန်သုံးငွေ ၁ ပဲနိမှ ၁ သျှီလင်အထိ ထည့်ဝင်စုဆောင်းကြရာ တစ်နှစ်အကြာတွင် စတာလင်ပေါင် ၂၈ ပေါင် ရရှိခဲ့ကြသည်။ ထို့နောက် ချားလ်စ်ဟောက်ဝပ်သ် (Charles Howarth) အမည်ရှိ ပုဂ္ဂိုလ်က ဦးဆောင်၍ ၁၈၄၄ ခုနှစ်တွင် ရော့ခ်ဒေးလ်ကုန်စုံဆိုင် သမဝါယမအသင်းကို တည်ထောင်ခဲ့ကြသည်။ ယင်းသို့ ဖွဲ့စည်းပြီးနောက် ရော့ခ်ဒေးလ်မြို့ တုဒ်လိန်း (Toad Lane) လမ်းသွယ်လေးရှိ ဂိုဒေါင်အောက်ထပ်၌ ရော့ခ်ဒေးလ် ရှေ့ဆောင် လမ်းပြများ၏ သမဝါယမကုန်စုံဆိုင်ကို ၁၈၄၄ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ကြသည်။ ပထမဆုံးရောင်းချသည့် ပစ္စည်းများမှာ ဂျုံ၊ သကြား၊ ထောပတ်၊ အုတ်မီးလ် (Oatmeal) နှင့် ဖယောင်းတိုင်ဆိုသည့် ပစ္စည်းငါးမျိုး ဖြစ်ပါသည်။ အသင်းသားများကိုယ်တိုင် အခကြေးငွေမယူဘဲဆိုင်တွင် အလှည့်ကျ တာဝန်ယူရောင်းချခဲ့ကြသည်။ ပစ္စည်းငါးမျိုးသာ ရောင်းချပေးနေရာမှ ၁၈၄၆ ခုနှစ်တွင် အမဲသား၊ သိုးသားများ ထည့်သွင်းရောင်းချခဲ့ပြီး ၁၈၄၇ ခုနှစ်တွင် အထည်အလိပ်အရောင်းဌာန စတင်ဖွင့်လှစ်ခဲ့သည်။ ၁၈၅၀ ပြည့်နှစ်တွင် အသင်းပိုင်ဂျုံစက် တည်ထောင်သည်။ ထိုနှစ်တွင် လက်ကားအရောင်းဌာနကို ဖွင့်လှစ်ခဲ့သည်။ ၎င်းပြင် ၁၈၅၂ ခုနှစ်တွင် ဖိနပ်ချုပ်လုပ်ငန်း၊ ၁၈၅၃ ခုနှစ်တွင် အပ်ချုပ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည်။ ရော့ခ်ဒေးလ် သမဝါယမကုန်စုံဆိုင်အား ပထမ ၁၀ နှစ်တာကာလ၌ အထက်ပါအတိုင်း ဖြည်းဖြည်းမှန်မှန် တိုးချဲ့ဖွင့်လှစ်ခဲ့ကြသည်။ တစ်ပိုင်တစ်နိုင်လုပ်ငန်းများကို စနစ်တကျ တိုးချဲ့ခဲ့ကြရာ ယနေ့အချိန်ထိ နှစ်ပေါင်း ၁၈၀ ကျော်တိုင် ဗြိတိန်နိုင်ငံ၏ ရော့ခ်ဒေးလ်သမဝါယမအသင်းသည် အခြေခိုင်ခိုင်နှင့် အောင်မြင်ဖြစ်ထွန်းနေကြောင်း သိရပါသည်။



ကမ္ဘာပေါ်တွင် ပထမဆုံးသမဝါယမအသင်း ဖွဲ့စည်းဆောင်ရွက်ခဲ့သော ဗြိတိန်နိုင်ငံ ရော့ခ်ဒေးလ်မြို့လေး။

### ရော့ခ်ဒေးလ်သမဝါယမအသင်း၏ အောင်မြင်ရသော အကြောင်းရင်းများ

၁၈၄၄ ခုနှစ်တွင် အသင်းသား ၂၈ ဦးဖြင့် စတင်ခဲ့သော ရော့ခ်ဒေးလ် သမဝါယမအသင်း ဆယ်စုနှစ်တစ်ခုအတွင်းမှာပင် ဖြည်းဖြည်းချင်းတိုးတက်လာခဲ့လေရာ ၁၈၅၂ ခုနှစ်တွင် စက်မှုလက်မှုနှင့် ချွေတာရေးအသင်းများဆိုင်ရာအက်ဥပဒေကို ဗြိတိသျှပါလီမန်က ပြဋ္ဌာန်းပေးရသည်အထိ ဆောင်ရွက်နိုင်ခဲ့ကြသည်။ ထို့ပြင် သမဝါယမအသင်းများ ပူးပေါင်း၍ လက်ကားသမဝါယမအသင်းများကို ဖွဲ့စည်းပေးနိုင်ခဲ့သည်။ ၁၈၅၂ ခုနှစ် အက်ဥပဒေကို ပြင်ဆင်၍ အသင်းစုများ၊ အဖွဲ့ချုပ်များ ဖွဲ့စည်းနိုင်မည့် ပြဋ္ဌာန်းချက်များ ၁၈၆၂ ခုနှစ်တွင် ဖြည့်စွက်ပြဋ္ဌာန်းပေးခဲ့သည်။

ရော့ခ်ဒေးလ်သမဝါယမအသင်း အောင်မြင်မှုရခဲ့သော အကြောင်းရင်းများစွာထဲမှ အချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ရော့ခ်ဒေးလ် သမဝါယမအသင်း၏ ရှေ့ဆောင်လမ်းပြများသည် ယထာဘူတကျကျ တွေးခေါ်လုပ်ဆောင်နိုင်ရန်အတွက် အလိုအပ်ဆုံးဖြစ်သည့် ကိုယ်တွေ့ဗဟုသုတ အတွေ့အကြုံများသူများ ဖြစ်ကြသည်။

(ခ) ဦးဆောင်သူများအနေဖြင့် ရောဘတ်အိုဝင်နှင့် ဒေါက်တာဝီလျံကင်းတို့ စဉ်းစားခဲ့ကြသည့် ကိုလိုနီ(သို့မဟုတ်) ကော်မြူနီးဟုခေါ်သည့် စုပေါင်းကျေးရွာတည်ဆောက်ရေးကို ပထမဦးစားပေး မဆောင်ရွက်ခဲ့ကြဘဲ လက်တွေ့ကျသော အဓိကလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်သော ကုန်စုံဆိုင်သမဝါယမအသင်းကို ထူထောင်နိုင်ခဲ့ကြသည်။

(ဂ) ရော့ခ်ဒေးလ် သမဝါယမအသင်း တည်ထောင်ရန်အတွက် လိုအပ်သော အရင်းအနှီးကို မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်း၊ မည်သည့် စေတနာရှင်များထံမှ ရယူချေးငှားခြင်း မပြုဘဲ မိမိတို့ကိုယ်တိုင် စုဆောင်းငွေများဖြင့် ကိုယ့်ဒူးကိုယ်ချွန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

(ဃ) မိမိတို့အသင်းသားများ၏စားဝတ်နေရေး ပြဿနာများကို ညီညီညွတ်ညွတ် စုပေါင်းဖြေရှင်းလျှင် အောင်မြင်မှုရနိုင်သည်ဆိုသော ခိုင်မာသည့် ယုံကြည်ချက်ရှိကြသည်။

(င) လုပ်ငန်းများကို အလောတကြီး တိုးချဲ့လုပ်ကိုင်ခြင်းမပြုဘဲ ဝန်နှင့်အား မျှတသည့် အချိန်ကျမှသာလျှင် ဖြည်းဖြည်းနှင့်မှန်မှန် စနစ်တကျ တိုးချဲ့လုပ်ကိုင်ခဲ့ကြသည်။ *စာမျက်နှာ ၁၇ သို့*


၁၈၄၄ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သော ရော့ခ်ဒေးလ်သမဝါယမအသင်းမှ အဖွဲ့ဝင်များ (စတင်ဖွဲ့စည်းစဉ်က ၂၈ ဦး ပါဝင်ခဲ့ပါသည်။)


> **"၁၈၄၄ ခုနှစ်တွင် အသင်းသား ၂၈ ဦးဖြင့်စတင်ခဲ့သော ရော့ခ်ဒေးလ် သမဝါယမအသင်း ဆယ်စုနှစ်တစ်ခုအတွင်းမှာပင် ဖြည်းဖြည်းချင်း တိုးတက်လာခဲ့လေရာ ၁၈၅၂ ခုနှစ်တွင် စက်မှုလက်မှုနှင့် ချွေတာရေး အသင်းများဆိုင်ရာအက်ဥပဒေကို ဗြိတိသျှပါလီမန်က ပြဋ္ဌာန်းပေးရသည် အထိ ဆောင်ရွက်နိုင်ခဲ့၊ ထို့ပြင် သမဝါယမအသင်းများပူးပေါင်း၍ လက်ကားသမဝါယမအသင်းများကို ဖွဲ့စည်းပေးနိုင်ခဲ့"**

စာမျက်နှာ ၁၆ မှ

ရော့ခ်ဒေးလ်သမဝါယမအသင်းသည် ကမ္ဘာပေါ်ရှိ အခြားသမဝါယမအသင်းများအတွက် ရှေ့ဆောင်လမ်းပြအဖြစ် စံနမူနာယူရသည်အထိ ထူးချွန်စွာ ဆောင်ရွက်နိုင်ခဲ့သလို ခိုင်မာသည့် သမဝါယမအခြေခံမူများကို ချမှတ်နိုင်ခဲ့သည်။ သည့်အတွက် ရော့ခ်ဒေးလ် သမဝါယမအသင်းသည် ကမ္ဘာ့သမဝါယမသမိုင်းတွင် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းပြုခဲ့ကြသလို သမဝါယမစနစ်သည် ၁၉ ရာစုနှစ်အတွင်း ဥရောပတိုက်ရှိ ဗြိတိန်နိုင်ငံမှ စတင်ပေါ်ထွန်းလာခဲ့ကြောင်း သမိုင်းမှတ်တမ်းဝင်ခဲ့သည်။



မူလစတိုးဆိုင်အား ပြန်လည်ပြုပြင်တည်ဆောက်၍ ၁၉၃၁ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သော ရော့ခ်ဒေးလ် သမဝါယမရှေ့ဆောင်သူများ ပြတိုက်။




မြန်မာနိုင်ငံတွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ဖူးသော တက္ကသိုလ်သမဝါယမအသင်းတံဆိပ်။

### ကမ္ဘာနှင့်မြန်မာ နှိုင်းယှဉ်ကြည့်သောအခါဝယ်

ရော့ခ်ဒေးလ်သမဝါယမအသင်းကို ၁၈၄၄ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် စတင်တည်ထောင်သည်။ မြန်မာနိုင်ငံတွင်မတော့ ၁၉၀၄ ခုနှစ်တွင် သမဝါယမအက်ဥပဒေပြဋ္ဌာန်းပြီး ၁၉၀၅ ခုနှစ်တွင် သမဝါယမအသင်းများ စတင်ဖွဲ့စည်းတည်ထောင်သည်။ ဆိုတော့ကာ... ဥရောပတိုက်ရှိ ဗြိတိန်နိုင်ငံ၌ ရော့ခ်ဒေးလ်သမဝါယမအသင်း တည်ထောင်ပြီး နှစ်ပေါင်း ၆၀ ကျော် ကြာမြင့်ပြီးမှ မြန်မာနိုင်ငံတွင် သမဝါယမအသင်းများ စတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ရော့ခ်ဒေးလ်သမဝါယမအသင်း၏ တိုးမြှင့်အကောင်အထည်ဖော်သော လုပ်ငန်းများစွာ အနက် ၁၈၅၀ ပြည့်နှစ်တွင် လက်ကားအရောင်းဌာနများ ဖွင့်လှစ်ခဲ့ခြင်းလည်း အပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံ၌မူ ၁၉၅၂ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ခရိုင်သမဝါယမအဖွဲ့ ၁၄ ဖွဲ့ကို စုစည်း၍ ပြည်ထောင်စုလက်ကား သမဝါယမအဖွဲ့ချုပ်ကို တည်ထောင်ခဲ့ကြောင်း တွေ့ရသည်။ ယင်းသို့ လက်ကားသမဝါယမအဖွဲ့ချုပ် ပေါ်ပေါက်လာပြီးနောက် ၁၉၅၇ ခုနှစ်တွင် မြို့နယ်စုလက်ကား သမဝါယမအသင်း၊ ခရိုင်စု လက်ကားသမဝါယမ အသင်းများ တိုးချဲ့ဖွဲ့စည်းလာခဲ့ကြသည်။

### သမဝါယမအထူးအရာရှိ ဆရာကြီးသိပ္ပံမှူးတင်

လက်ကားသမဝါယမအသင်းများ ဖွဲ့စည်းမှုကို လေ့လာသိရှိအကြောင်းပြုလျက် မြန်မာနိုင်ငံတွင် ၁၉၆၂ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ သမဝါယမ အထူးအရာရှိ၊ လက်ကားသမဝါယမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌတာဝန်ထမ်းဆောင်သွားခဲ့သော စာရေးဆရာ အဘ သိပ္ပံမှူးတင်၏ အတွေ့အကြုံများအား အမှတ်ရမိသည်။ ဆရာကြီးက သူ၏ သမဝါယမ အထူးအရာရှိအတွေ့အကြုံများကို မြန်မာ့သမဝါယမ နှစ်တစ်ရာ ရာပြည့်မဂ္ဂဇင်း (၁၉၀၅-၂၀၀၅) တွင် ရေးသား ခြယ်မှုန်းခဲ့ခြင်းဖြစ်၏။ စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာပေါင်းများစွာထဲက ကျွန်တော် အာရုံစူးစိုက်မိသောကိစ္စရပ် ၃/၄ ခုကို ပြန်လည်မျှဝေလိုပါသည်။ သမဝါယမ အထူးအရာရှိတာဝန်ကို ထမ်းဆောင်စဉ် ဆရာကြီးသည် စက်မှုဝန်ကြီးဌာနမှ အရာရှိနှစ်ဦးနှင့်အတူ ဂျာမနီနိုင်ငံသို့ အသေးစား စက်မှုလေ့လာရေးခရီးစဉ်ကို လည်းကောင်း၊ တစ်ကိုယ်တော်ခရီးဖြင့် ပြင်သစ်၊ ဟော်လန်၊ ဒိန်းမတ်၊ ဆွီဒင်၊ နော်ဝေ၊ အင်္ဂလန်၊ ဆွစ်ဇာလန်၊ အီတလီ အစရှိသည့် နိုင်ငံများသို့လည်းကောင်း လေ့လာရေးခရီးစဉ်များ သွားခဲ့ရသည်။ စားသုံးသူ သမဝါယမ၊ ကုန်ထုတ်လုပ်မှုသမဝါယမများကို လေ့လာကြည့်ရှုခဲ့သည်။ မြန်မာနိုင်ငံ လက်ကားသမဝါယမအဖွဲ့ချုပ်မှ တင်ပို့ရောင်းချလိုက်သော ပဲဖတ်၊ နှမ်းဖတ်များဖြင့် ဆွီဒင်၊ နော်ဝေ၊ ဒိန်းမတ်တို့တွင် ကြက်၊ ဝက်၊ နွားများ မွေးမြူနေသည်ကို တွေ့ခဲ့ရသည်။ ရောမခြံကြီးများ၊ မွေးမြူရေးစားကျက်ကြီးများဖြင့် နွားထီး၊ နွားမများ မွေးမြူထားပုံ၊ နို့ဆီချက်လုပ်၍ နိုင်ငံခြားတိုင်းပြည်များသို့ တင်ပို့နေပုံ (ကျောက်တိုင်တံဆိပ်နို့ဆီကို မြန်မာပြည် သို့ပို့ပါသည်)၊ ကြက်၊ ဝက်များကိုလည်း ခေတ်မီနည်းစနစ်များဖြင့် မွေးမြူ၍ ကြက်ဥ၊ ကြက်သား၊ ဝက်သား၊ အမဲသား၊ နွားနို့များအား စားသုံးသူအသင်းဆိုင်များသို့ ပို့ဆောင်ရောင်းချပြီး ပိုလျှံသမျှ ပြည်ပသို့ တင်ပို့နေပုံများကို လေ့လာတွေ့ရှိခဲ့ရသည်ဆို၏။ ဆွီဒင်နိုင်ငံ သမဝါယမအသင်းနှင့် မြန်မာနိုင်ငံသမဝါယမ လက်ကားအဖွဲ့ချုပ်တို့ပူးပေါင်း၍ ကြက်၊ ဝက်၊ နွား၊ နို့စားနွားမ ဖက်စပ်မွေးမြူရန် ညှိနှိုင်းခဲ့ကြောင်း၊ မြန်မာပြည်သို့ပြန်ရောက်ချိန်တွင် နိုင်ငံခြားနှင့် သမဝါယမမွေးမြူရေးဖက်စပ်စီမံကိန်းကို ရေးဆွဲကာ ကက်ဘိနက်တင်ရန် ပြင်ဆင်ဆောင်ရွက်နေစဉ် သမဝါယမအသင်းများအား ပြည်သူပိုင်သိမ်းမှုနှင့် ကြုံကြိုက်ခဲ့ရ၍ ဖက်စပ်မွေးမြူရေးစီမံကိန်း ပျက်ပြားသွားကြောင်း သိရှိရသည်။ မှတ်တမ်းများအရ ၁၉၆၄ ခုနှစ်တွင် ကုန်တိုက်ကြီးများ၊ စတိုးဆိုင်ကြီးများ၊ ပွဲရုံများနှင့် လက်ကားဆိုင်ကြီးများကို ပြည်သူပိုင်ပြုလုပ်ရာတွင် ရန်ကုန်မြို့ပေါ်ရှိ သမဝါယမအသင်းများထဲမှ တက္ကသိုလ်သမဝါယမအသင်း၊ စမ်းချောင်းလူထုစားသုံးသူ သမဝါယမအသင်း၊ သိမ်ဖြူစားသုံးသူ သမဝါယမအသင်း၊ မြန်မာနိုင်ငံဗဟိုသမဝါယမအသင်း၊ မြန်မာနိုင်ငံ လူငယ်များအစည်းအရုံး သမဝါယမအသင်း၊ အမျိုးသမီး သမဝါယမအသင်း၊ အမျိုးသမီးစံပြသမဝါယမအသင်းနှင့် ဈေးကြီးသမဝါယမအသင်းတို့ ပါဝင်သွားခဲ့ကြသည်။

### ဆရာပြောပြသော သမဝါယမ ဆီစာအုပ်လေးများအကြောင်း

ဆရာကြီးသိပ္ပံမှူးတင်၏ ဆောင်းပါးထဲမှာ ထည့်သွင်းဖော်ပြထားသော ဆီစာအုပ်လေးများ အကြောင်းကို ကျွန်တော် ပို၍စိတ်ဝင်စားမိသည်။ ကမ္ဘာ့အေးသမဝါယမညီလာခံ၏ ဆုံးဖြတ်ချက်ဖြင့် အထက်အောက် ကုန်စည်ဖလှယ်ရန်နှင့် ဆီကြိတ်ရောင်းချရန်အတွက် လက်ကားသမဝါယမအဖွဲ့ချုပ်သို့ ဘဏ္ဍာငွေ တစ်ကုဋေငါးသန်း ခွင့်ပြုချထားပေးခဲ့ကြောင်း၊ ထိုအချိန်က ပြည်ပမှ ဆီတင်သွင်းသလို ပြည်တွင်းမှာ စိုက်ပျိုးသော မြေပဲ၊ နှမ်းတို့ကို ဆီကြိတ်ဖြန့်ဖြူးပေးမှသာ ဆီဖူလုံမှုရှိကြောင်း၊ ခွင့်ပြုငွေဖြင့် သံပုံးများပြုလုပ်ခြင်း၊ ဆီကြိတ်ခြင်းများ ပြုလုပ်၍ ပဲဆီတစ်ပိဿာ ၂ ကျပ် ပြား ၇၀၊ ဆီပုံးတစ်ပုံးလျှင် ၂၇ ကျပ်ဖြင့် ရောင်းချပေးရာ အရှုံးမရှိခဲ့ကြောင်း သိရသည်။ နောက်တစ်ကြိမ် သမဝါယမမှ ဆီကြိတ်ရောင်းချရန် သုံးကုဋေ တင်တောင်းခဲ့ရာ သမဝါယမဝန်ကြီး ဗိုလ်ချုပ်တင်ဖေ နိုင်ငံခြားသို့ ဆေးသွားကုနေချိန်ဖြစ်၍ ဘတ်ဂျက်မရခဲ့ကြောင်း၊ ကက်ဘိနက်မှာလည်း တင်ပြခြင်းမပြုတော့၍ လာမည့်နှစ်တွင် သမဝါယမမှ ဆီကြိတ်ရောင်းချခြင်း ပြုလုပ်မည့် အခြေအနေမရှိတော့ကြောင်းကို အများသိသွားခဲ့သည်ဟုဆို၏။ ပြဿနာက ဤမျှာတင် ရပ်တန့်မနေခဲ့ပါ။

တစ်နေ့ လက်ကားသမဝါယမအဖွဲ့ချုပ် ရုံးခန်းတွင် နိုင်ငံခြားမှ ဆီတင်သွင်းရေးကိစ္စ ဆွေးနွေးကြသည်။ ထိုစဉ် အရာရှိကြီးတစ်ဦးက မြေပဲတွေစိုက်နေသည်၊ ဆီတွေထွက်တော့မည်၊ သည့်အတွက် နိုင်ငံခြားမှမသွင်းရန် အဆိုပြုတင်ပြခဲ့ရာ အဆုံးအဖြတ်ပေးမည့် ပုဂ္ဂိုလ်က သဘောတူခဲ့ကြောင်း၊ ဆရာကြီးသိပ္ပံမှူးတင်က စစ်သားများ စစ်တိုက်လျှင် တောင် အရန်တပ်ထားရသည်။ ဆီထွက်/မထွက် မသေချာ၍ အရန်ဝယ်ထားသင့်ကြောင်း ဝင်ရောက်ဆွေးနွေးသော်လည်း အရာမထင်ခဲ့ကြောင်း၊ သမဝါယမမှလည်း ဆီမကြိတ်၊ နိုင်ငံခြားမှလည်း မသွင်းတော့ဟု အများပြည်သူသိသွားသောအခါ စိတ်ပူပြီး ဆီတွေဝယ်လှောင်ကြရာ မကြာမီ စားသုံးဆီများ ပြတ်လပ်သွား၊ ဆူညံပွက်လောရိုက်သွားကြောင်း၊ ထိုအခါတွင်မှ နိုင်ငံခြားကဆီများကို ဈေးကြီးပေး၍ ဝယ်ယူတင်သွင်းကာ ဖြန့်ဝေရောင်းချပေးခဲ့သော်လည်း မလောက်မငဖြစ်နေသောကြောင့် ဆီစာအုပ်များထပ်လျက် တန်းစီဝယ်ယူရသည့် ဘဝသို့ ရောက်ရှိသွားကြကြောင်း သိရသည်။ မှတ်သားစရာပါပေ။

ယနေ့အချိန်ကာလတွင် ကျွန်တော်တို့နိုင်ငံမှာလည်း ဆီထွက်သီးနှံ နေကြာ၊ မြေပဲ၊ နှမ်း စသည်တို့ အထွက်တိုးပြီး ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်းဆီဖူလုံမှုကို အလေးထားဝိုင်းဝန်းဆောင်ရွက်ပြီး ပြည်ပမှဆီတင်သွင်းမှုများကို တဖြည်းဖြည်း လျှော့ချသွားမည်ဖြစ်ရာ ဝိသမလောဘသားများနှင့် တစ်ဘို့တည်းသမားများ၏ ဝိုင်းဝန်းထိုးနှက်တိုက်ခိုက်ခြင်းမခံရလေအောင် အထူးဂရုပြုဖို့ လိုအပ်ပေသည်။ ဆီထွက် သီးနှံအားလုံးအထွက်တိုးရမည်။ လျာထားချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရမည်။ သမဝါယမအသင်းအဖွဲ့များအနေဖြင့် ကျရာအခန်းကဏ္ဍမှ ပါဝင်ထမ်းရွက်ရင်း မှတ်တမ်းကောင်းတစ်ခု ရေးထိုးနိုင်လိမ့်မည်ဟု အလေးအနက် ယုံကြည်မိပါသည်။ ။

❂ ❂ ❂

## မူဆယ်မြို့၌ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူနိုင်ရေး အသိပညာပေး

မူဆယ် ဇွန် ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ ၂၀၂၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေးအတွက် ဆိုင်းဘုတ်စိုက်ထူခြင်း အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ပြည်ထောင်စုလမ်းမ ကံ့ကော်မီးပွိုင့်လမ်းဆုံ၌ ပြုလုပ်သည်။

"၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် လူတိုင်းပါဝင်စို့" ဆိုင်းဘုတ်စိုက်ထူ၍ ခရိုင်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဇော်မိုး၊ ခရိုင်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ဦးကျော်ကျော်နိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဦးလှိုင်ကျော်မြင့်၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ (ယာပုံ)

ထို့နောက် မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များနှင့် ဝန်ထမ်းများက ကံ့ကော်မီးပွိုင့်လမ်းဆုံ၊ လေယာဉ်ကွင်းမီးပွိုင့်လမ်းဆုံများ၌ သန်းခေါင်စာရင်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေကြကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**



## ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ(အမျိုးသား)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲနှင့်အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစား

မန္တလေး ဇွန် ၂၃

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့က အဆိုပါတက္ကသိုလ်ရှိ ဘောလုံးအားကစားပြိုင်ကွင်း၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာသွယ်လင်းကို၊ ဒေါက်တာဦးခင်မြို့၊ ဒေါက်တာခင်မော်မော်စိုး၊ ဒေါက်တာဦးဝင်းနိုင်၊ အားကစားနှင့်ကာယပညာဦးစီးကော်မတီ ဥက္ကဋ္ဌနှင့် ဘောလုံးပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းနှင့် ကော်မတီဝင်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများ၊ စီမံဝန်ထမ်းများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပါမောက္ခချုပ်က အမှာစကားပြောကြားပြီး ဘာသာရပ်ပေါင်းစုံ ဘောလုံးအားကစားပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အုပ်စု ပထမပွဲစဉ်အဖြစ် ညွှန့်ပေါင်း(၁)အသင်းနှင့် နိုင်ငံတကာဆက်ဆံရေးပညာအသင်းတို့ ယှဉ်ပြိုင်ကစားရာ ညွှန့်ပေါင်း(၁) အသင်းက နှစ်ဂိုး - ဂိုးမရှိဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် ဓာတုဗေဒအသင်းက ပထဝီဝင်အသင်းကို သုံးဂိုး - ဂိုးမရှိဖြင့်လည်းကောင်း၊ တတိယပွဲစဉ်တွင် ညွှန့်ပေါင်း(၂)အသင်းက ရူပဗေဒအသင်းကို သုံးဂိုး - နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသည်။ အုပ်စုပွဲစဉ်များကို ဇွန် ၂၅ ရက်အထိ ပြိုင်ပွဲဝင်အသင်းပေါင်း ၁၃ သင်းဖြင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင် - မန္တလေး**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေး
## သွားဘက်ဆိုင်ရာဆေးပညာဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၅ ပညာသင်နှစ်အတွက် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ သွားဘက်ဆိုင်ရာဆေးပညာဘွဲ့လွန် သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ သွားဘက်ဆိုင်ရာ ဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ဒီပလိုမာသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | အထွေထွေသွားရောဂါကုဒီပလိုမာ<br>Dip.D.Sc.(General Dental Practice) | (၁)နှစ် |
| (ခ) | သွားမြစ်တုအစားထိုးဆေးကုသမှုပညာဒီပလိုမာ<br>Dip.D.Sc (Dental Implantology) | (၁)နှစ် |

**သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ<br>(ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ)<br>M.D.Sc (Oral and Maxillofacial Surgery) | (၂)နှစ် |
| (ခ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ<br>(မေးရိုးနှင့်ခံတွင်းဆေးပညာ)<br>M.D.Sc (Oral Medicine) | (၂)နှစ် |
| (ဂ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ<br>(သွားရောဂါကုဆေးပညာ)<br>M.D.Sc (Conservative Dentistry) | (၂)နှစ် |
| (ဃ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ<br>(သွားတုဆေးပညာ)<br>M.D.Sc (Prosthodontics) | (၂)နှစ် |
| (င) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ<br>(ကာကွယ်ရေးနှင့်လူထုသွားကျန်းမာရေးပညာ)<br>M.D.Sc (Preventive and Community Dentistry) | (၂)နှစ် |
| (စ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ<br>(သွားဖုံးရောဂါကုပညာ)<br>M.D.Sc (Periodontology) | (၂)နှစ် |
| (ဆ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ<br>(ကလေးသွားကျန်းမာရေးပညာ)<br>M.D.Sc (Paediatric Dentistry) | (၂)နှစ် |
| (ဇ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ<br>(သွားညှိကုပညာ)<br>M.D.Sc (Orthodontics) | (၂)နှစ် |
| (ဈ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ<br>(သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့်ဇီဝကမ္မဗေဒ)<br>M.D.Sc (Oral Biological Science) | (၂)နှစ် |

**သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့<br>(ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ)<br>Dr.D.Sc(Oral and Maxillofacial Surgery) | (၃)နှစ် |
| (ခ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့<br>(မေးရိုးနှင့်ခံတွင်းဆေးပညာ)<br>Dr.D.Sc (Oral Medicine) | (၃)နှစ် |
| (ဂ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့<br>(သွားရောဂါကုဆေးပညာ)<br>Dr.D.Sc (Conservative Dentistry) | (၃)နှစ် |
| (ဃ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့<br>(သွားတုဆေးပညာ)<br>Dr.D.Sc (Prosthodontics) | (၃)နှစ် |
| (င) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့<br>(သွားဖုံးရောဂါကုပညာ)<br>Dr.D.Sc (Periodontology) | (၃)နှစ် |
| (စ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့<br>(ကလေးသွားကျန်းမာရေးပညာ)<br>Dr.D.Sc (Paediatric Dentistry) | (၃)နှစ် |
| (ဆ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့<br>(သွားညှိကုပညာ)<br>Dr.D.Sc (Orthodontics) | (၃)နှစ် |

**သွားဘက်ဆိုင်ရာဆေးလက်တွေ့အခြေခံပါရဂူဘွဲ့သင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သွားဘက်ဆိုင်ရာဆေးလက်တွေ့အခြေခံပါရဂူဘွဲ့<br>(သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့်ဇီဝကမ္မဗေဒ)<br>Ph.D (Oral Biological Science) | (၃)နှစ် |

၂။ **လိုအပ်သောအရည်အချင်းများ**

**ဒီပလိုမာသင်တန်းများ**

**(က) အထွေထွေသွားရောဂါကုဒီပလိုမာ**
**Dip.D.Sc.(General Dental Practice)**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ (B.D.S.) ဘွဲ့ရရှိထားသူ (သို့မဟုတ်) မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူ ပြင်ပသွားဘက်ဆိုင်ရာ ဆရာဝန် ဖြစ်ရမည်။
(၃) လက်ရှိတရားဝင် သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်ဆေးကုသခွင့် မှတ်ပုံတင်(သခ) သက်တမ်း (၂)နှစ် ပြည့်ပြီး(သခ) သက်တမ်းတိုးကိုင်ဆောင်ထားသူ ဖြစ်ရမည်။
(၄) အသက် သတ်မှတ်ချက် မရှိပါ။
(၅) သတ်မှတ်ထားသောသင်တန်းကြေးများကို ပေးသွင်းနိုင်သူဖြစ်ရမည်။
(၆) သတ်မှတ်ထားသောသင်တန်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

**(ခ) သွားမြစ်တုအစားထိုးဆေးကုသမှုပညာဒီပလိုမာ**
**Dip.D.Sc (Dental Implantology)**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ (B.D.S) ရရှိထားသူ (သို့မဟုတ်) မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။
(၃) လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၁)နှစ် ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်း ဖြစ်ရမည်။
(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
(၅) ဒီပလိုမာဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(၆) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။

**(ဂ) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံသင်တန်းများ**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ (B.D.S) ရရှိထားသူ (သို့မဟုတ်) မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။
(၃) လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၁)နှစ်ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(၅) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးပါက အနည်းဆုံး (၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(၆) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

**(ဃ) သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူ/ သွားဘက်ဆိုင်ရာဆေးလက်တွေ့ အခြေခံပါရဂူသင်တန်းများ**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများအတွက် သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့(M.D.Sc) (သို့မဟုတ်) မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆိုင်ရာဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။
(၃) သွားဘက်ဆိုင်ရာ ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့(သွားဘက်ဆိုင်ရာ ခန္ဓာဗေဒနှင့်ဇီဝကမ္မဗေဒ)သင်တန်းအတွက် သွားဘက်ဆိုင်ရာဆေး ပညာမဟာသိပ္ပံဘွဲ့ (သို့မဟုတ်) သွားဘက်ဆိုင်ရာ ဆေးပညာမဟာ သိပ္ပံ (သွားဘက်ဆိုင်ရာ ခန္ဓာဗေဒနှင့် ဇီဝကမ္မဗေဒ) (သို့မဟုတ်) မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူ ဖြစ်ရမည်။
(၄) လျှောက်လွှာပိတ်သည့်ရက်တွင် သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့ ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၂)နှစ်ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(၅) ပြည်ပ၌ မိမိအစီအစဉ်ဖြင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်သူများမှ သွားဘက်ဆိုင်ရာ ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများအတွက် လျှောက်ထားလိုပါက လျှောက်လွှာပိတ်သည့်နေ့တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်းလုပ်သက် (၄)နှစ်နှင့် သွားဘက်ဆိုင်ရာဆေးလက်တွေ့အခြေခံပါရဂူ (သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့်ဇီဝကမ္မဗေဒ)သင်တန်းအတွက် လျှောက်ထားလိုပါက စုစုပေါင်းလုပ်သက်(၃)နှစ်ရှိရမည်။
(၆) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(၇) သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့/ သွားဘက်ဆိုင်ရာ ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်မည့်ရက်မှာ(၂၃-၈-၂၀၂၄)ရက် (သောကြာနေ့)ဖြစ်ပါသည်။

၄။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ ဦးဆောင်ညွှန်ကြားရေးမှူး) မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက် အတိုင်း လျှောက်ထားခြင်း မရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၅။ ကြိုတင်လျှောက်လွှာ မိတ္တူတစ်စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-မန္တလေး ပါမောက္ခချုပ်ထံသို့ လိပ်မူ၍ လျှောက်လွှာပိတ်ရက်မတိုင်မီ မပျက်မကွက် ပေးပို့ရမည်။

၆။ **ဝင်ခွင့်ရေးဖြေစစ်ဆေးမည့်ရက်မှာ-**

| | |
|---|---|
| ပါရဂူဘွဲ့သင်တန်းများ | (၃-၁၀-၂၀၂၄)ရက်၊ (ကြာသပတေးနေ့) |
| ဒီပလိုမာနှင့်မဟာသိပ္ပံသင်တန်းများ | (၄-၁၀-၂၀၂၄)ရက် (သောကြာနေ့) ဖြစ်ပါသည်။ |

၇။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်း မပြုသော်လည်း သင်တန်း တက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင်နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှု အရည်အချင်းစစ် စာမေးပွဲ(၂)နာရီ မေးခွန်းကိုဖြေဆိုရမည်။
အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲအောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကိုထုတ်ပေးမည်။

၈။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူ နိုင်ငံ့ဝန်ထမ်းသွားဘက်ဆိုင်ရာ ဆရာဝန်များသည် ဘွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ်-၁၀၀၀၀/- (တစ်သောင်းကျပ်တိတိ)ကို သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-မန္တလေး၏ မြန်မာ့စီးပွားရေးဘဏ်(၂)၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ်၊MD-288(MD-012887)သို့ ပေးသွင်းရမည်။

(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်(၂)၊ အောင်မြေသာစံမြို့နယ်၊မန္တလေးမြို့တွင် ဖွင့်လှစ်ထားသော သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-မန္တလေး၏ ငွေစာရင်းအမှတ်၊MD-288(MD-012887)သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၉။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာ သင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး၊ တက်ရောက်ခွင့်ရ စာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ(မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံး အောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက်သတ်မှတ်ထားသည့်ကာလ အတိုင်းနိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၁။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး၏ Website:http://www.udmmandalay.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊မန္တလေး၏ ဘွဲ့လွန်/စာမေးပွဲဌာန၊ ဖုန်း-၀၂-၄၀၈၀၇၃၅၊ ၀၂-၄၀၈၀၇၃၆၊ ၀၂-၂၈၄၇၈၀၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး**




## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့်၅)
### ပြင်ဦးလွင်မြို့နယ်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၀

ဦးမောင်မောင် နှင့် ၁။ ဒေါ်သန်းသန်းအေး
၂။ ဒေါ်ချိုချို
တရားလို တရားပြိုင်များ

ပြင်ဦးလွင်မြို့၊ရပ်ကွက်ကြီး(၁)၊ ယူဂိုဇလပ်၊ အမှတ်(၂၇၁)ရပ်နေ (၁) တရားပြိုင် ဒေါ်သန်းသန်းအေး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်(၁၃၈၆ ခုနှစ်၊ နယုန်လဆုတ် ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိုးမိုးအေး)
မြို့နယ်တရားသူကြီး
ပြင်ဦးလွင်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဘုမ္မာ(၁၇)လမ်း၊ မြေကွက်အမှတ်(၁၀၆၆)ဟုခေါ်တွင်သော အကျယ်အဝန်းအလျား (၂၀)ပေ x အနံ မျက်နှာစာ(၂၂)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃)ပင်၊ (၂)ခန်း၊ (သွပ်)မိုး (အုတ်)ကာ၊ (ကွန်ကရစ်)ခင်း၊ (၁)ထပ်နေအိမ်နှင့် လျှပ်စစ်မီးအပါအဝင် သီးပင်စားပင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ် ရပ်အားလုံးတို့မှာ မူလမြေငှားဂရန်အမည်ပေါက် ဦးအောင်သိန်း-ဒေါ်အုန်းစိန် အမည်ဖြင့် တည်ရှိသော ဂရန်မြေကွက်ဖြစ်ပြီး ယခုရောင်းချသူများဖြစ်သော ဦးမြင့်ဦး ၁၂/ဥကမ(နိုင်)၀၈၃၈၁၅ နှင့် ဒေါ်ခင်ခင်လေး ၁၂/ဥကမ(နိုင်) ၁၆၈၇၂၅ တို့မှ အထက်ဖော်ပြပါ အိမ်ခြံမြေမှာ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါ ကြောင်းနှင့် မိမိတို့သာလျှင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ပြောကြားဝန်ခံ၍ ရောင်းချလိုကြောင်း စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုစု နွယ် ၁၂/ဥကမ(နိုင်)၀၂၄၉၂၃ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ရောင်းချသော အိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)အထောက်အထားများဖြင့် လူကိုယ်တိုင်ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စုစုနွယ် ၁၂/ဥကမ(နိုင်)၀၂၄၉၂၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်တင်တင်လှိုင် (LL.B)တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၇၆၄)၊
ရုံးခန်းအမှတ်(၅)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်တရားရုံးအနီး

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃/ကံဘဲ့)၊ (၈)ရပ်ကွက်၊ ခနောသိဒ္ဓိလမ်း၊ မြေကွက်အမှတ်(၇/ဆ-၂)၊ အိမ်အမှတ် (၉၇)ပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတည်း (၈)ထပ်တိုက်အနက်မှ အခန်းအမှတ်-စတုတ္ထထပ်(၅လွှာ) ၊ အကျယ်အဝန်း (၂၇ပေ× ၅၄ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးကျော်တင့် (၁၂/မရက(နိုင်)၁၀၇၆၇၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)
Ph,09421746974

## ဖခင်အမည်မှန်

အထက(၃)တောင်ဥက္ကလာပမြို့နယ်၊ G-12 မှ ဝင်းမင်းအောင် ၏ ဖခင်အမည်မှန်မှာ ဦးမောင်မျိုးခိုင် ၁၂/ သလန(နိုင်)၀၇၀၃၆၆ ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် ၅၁၄/၆၊ ဦးပိုင်အမှတ် (၁၄၅)/၃၀x၃၂ကြား၊ ၅၈ x ၅၉ကြားရှိ ဦးအောင်မြတ်စိုး၊ ဒေါ်ခင်လေးမွန် အမည်ပေါက် ဂရန်မြေကွက်အား ခင်ပွန်း ဦးအောင်မြတ်စိုး ကွယ်လွန်၍ ကျန်ရစ်သောပူးတွဲအမည်ပေါက်သူ ဇနီး ဒေါ်ခင်လေးမွန် ၉/ မကန(နိုင်) ၀၀၁၀၇၆ က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် အ-၁၈၊ ဦးပိုင်အမှတ် ၁၁၁/၇၂ x ၇၃ကြား၊ မင်းကြီးရန်နောင် x ရတနာလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအုန်းဆောင် ၁၄/ပသန(နိုင်)၁၆၆၆၇၄ ၏ အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်(၂၃၆၅၇/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသက်နိုင်ထွန်း ၉/ပကခ(နိုင်) ၀၅၂၅၅၆ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## ကန့်ကွက်နိုင်ပါကြောင်း

ကျောက်ဆည်မြို့၊ ရဲစုရပ်ကွက်အုပ်စု၊ တံတားလည်ရပ်ကွက်၊ အေးသာယာလမ်းဘေးရှိ အလျား ပေ (၇၀)၊ အနံ (၂၉)ပေ ပိုင်ဆိုင်သူ ဒေါ်ခင်ဝေ ၉/နထက(နိုင်)၀၅၂၆၈၄ သည် ၎င်းမြေပေါ်တွင် အဆောက်အအုံ ဆောက်လုပ်မည်ဖြစ်သဖြင့် ကန့်ကွက်လိုပါက ရက်ပေါင်း(၃၀) အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်ခင်ဝေ**
**၉/နထက(နိုင်)၀၅၂၆၈၄**
**ဖုန်း-၀၉-၂၆၂၅၀၁၉၃၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6N/6794 Toyota Hilux Vigo ku 35k p/u(4x2) R open cab ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှရီ ၁၀/မဒန(နိုင်)၂၉၄၃၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/51089 Yin Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ-၂၀)
### ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂၉

၁။ ဦးရဲထွဋ် နှင့် ဦးအောင်လင်း
၂။ ဒေါ်ဆုမွန်ထွေး

**တရားလိုများ** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်-၅၁၂၊ (ပပ-၂၁)နေ ဦးအောင်လင်း (ဘ) ဦးနွယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးအောင်လင်း သင့်အပေါ်၌ တရားလို ဦးရဲထွဋ်နှင့် ဒေါ်ဆုမွန်ထွေးတို့က ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ- ၂၁)၊ ဦးပိုင်အမှတ်(၈၁)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ ဦးအောင်လင်း အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၄ ရက် (၁၃၈၆ ခုနှစ်၊ နယုန်လဆုတ် ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်း ရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးနိုင်ချမ်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ ရပ်ကွက်၊ အကွက်အမှတ်(၈-၆)၊ ဦးပိုင်အမှတ်(၅၃-က)၊ ၁၁၂(A)လမ်း၊ ၆၀ x ၆၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တင်စိန်၊ ဒေါ်ပြည့်၊ ဦးမိုး၊ ဦးသက်ဝေ တို့၏ (SP ရရှိသူ ဒေါ်မိုးမိုးသန်း) တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၀၀၈/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ကျော်ဝင်း ၉/မရတ(နိုင်)၁၂၁၅၁၆ က အမှုတွဲအမှတ် ၁၇၁၃/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ နံ့သာမြိုင်လမ်း၊ တိုက်အမှတ် (၁၀၆၂)၊ (၃)ခန်းတွဲ (၅)ထပ်တိုက်၏ အခန်း (C-2)(ပထမထပ်)၊ အကျယ်အဝန်း (၁၂ပေ × ၅၅ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကေခိုင်မျိုးအေး (၁၂/ဥကမ (နိုင်) ၁၅၆၈၂၃) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)** |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၁)၊ လူနေရပ်ကွက်အမှတ်(၆/၉)၊ ရောဝတီပတ်လမ်း၊ မြေကွက် အမှတ်(၇၀/ခ)ဟု ခေါ်တွင်သော အလျား ပေ၂၀xအနံ ပေ၆၀၊ ဧရိယာ ၁၂၀၀ စတုရန်းပေ ၀ ဒသမ ၀၂၇ ဧက အကျယ်အဝန်းရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယင်းမြေကွက်၏ နှစ်(၆၀)ဂရန်အမည်ပေါက် ဦးသန်းမောင် ၁၂/မရက(နိုင်)၀၀၂၇၅၄ ထံမှတစ်ဆင့် ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အပိုင်ရောင်းချ ဦးကျော်မောင် ၁၂/ဥကမ(နိုင်)၀၅၇၂၃၅ မှ ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယမင်းထွန်း (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၆၀/က)၊ ပတ္တမြားလမ်း၊ (၅/၅)ရပ်ကွက်၊ ရွှေပြည်သာမြို့။ ဖုန်း-၀၉-၄၄၁၆၄၁၁၅၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ စာဂ(၁၈)လမ်း၊ မြေကွက် အမှတ်(၇၀၂)၊ မြေပေအကျယ် (၄၀ x ၆၀)ပေရှိ မြေပေါ်တွင် ဆောက်လုပ်နေသော(၂)ခန်းတွဲ(၆)ထပ် RC အဆောက်အအုံမှ ကန်ထရိုက်တာအကျိုးခံစားခွင့်ရှိသည့် ဒုတိယထပ်(၃-လွှာ)၊ (ခြေရင်းခန်း)၊ အခန်းအကျယ်အဝန်း(၁၇ x ၅၄)ပေ၊ အမြင့်(၉)ပေရှိ တိုက်ခန်းတစ်ခန်းကို ရောင်းချသူ ကန်ထရိုက်တာ ဦးအောင်ချမ်းဇော် ၁၂/ဗဟန(နိုင်)၀၈၉၈၄၇ က မိမိတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ပြီးအရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါတိုက်ခန်းအား အပြီးအပိုင်လက်ရောက် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်များအရ -**

**ဒေါ်ရီရီသန့် LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ-၂၀)
### ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂၈

ဦးဟန်ညွန့်စိန် နှင့် ဒေါ်နီနီလွင် (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်မော်ချင်ကြီး (ခ) ဒေါ်မော်ချင်လီ)

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အ-၁ နေ ဒေါ်နီနီလွင် (ဘ) ဦးမြင့်လွင် (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်မော်ချင်ကြီး (ခ) ဒေါ်မော်ချင်လီ) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဒေါ်နီနီလွင် (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်မော်ချင်ကြီး (ခ) ဒေါ်မော်ချင်လီ) သင့်အပေါ်၌ တရားလို ဦးဟန်ညွန့်စိန်က ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက် အကွက်အမှတ်(အ-၁)၊ ဦးပိုင်အမှတ်(၃၇) ဧရိယာ၀ဒသမ ၀၅၅ ဧက အကျယ်အဝန်းရှိ ဦးမောင်မောင်ရင် အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၄ ရက် (၁၃၈၆ ခုနှစ်၊ နယုန်လဆုတ် ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၀ ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သိဂ်ီဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက်အမှတ် RA- V/ကွက်ပြင်ရပ် ၊ဦးပိုင်အမှတ် (၈-တ၊ ၈-ဒ၊ ၈-ထ )၊ မြေဧရိယာ ၀ ဒသမ ၇၀ ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ပေါင်း ၊ အမည်ပြောင်း)လျှောက်ထား နိုင်ရေး ဒေါ်ဖြူဖြူဆွေ ၁၂/ဗတထ(နိုင်)၀၂၂၉၆၁ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက် လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ်၊ ၁/ပဒေသာ၊ ဦးပိုင်အမှတ် (၄၄၈)၊ မြေဧရိယာ ၀ဒသမ ၀၄၆ ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်)လျှောက်ထားနိုင်ရေး ဒေါ်မေကြူ(ခ)ဒေါ်မြင့်ကြူ ၁၄/ဟသတ(နိုင်) ၀၄၃၆၉၅ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(၈၈-၃)၊ ဦးပိုင်အမှတ်(၉-ခဲစင်း)၊၅၇ x ၅၈ လမ်းကြား၊ အောင်ဆန်း x ငုရွှေဝါလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အေးပေါင်း ၁/မညန(နိုင်)၁၀၂၂၈၇ က အမှုတွဲအမှတ် ၁၇၂၄/ ၂၀၂၄-၂၀၂၅ ဖြင့် ဦးပိုင်ခွဲ၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ လူနေရပ်ကွက်အမှတ်(၄၃)၊ အေးရိပ်သာ(၂)လမ်း၊ မြေကွက်အမှတ်(၆၅၂) ဟု ခေါ်တွင်သော နှစ်(၆၀) ဧရိယာ မြေငှားဂရန်တွင် ဒေါ်နွဲ့ (NBN-၁၈၈၄၉၉) အမည်ပေါက် အလျား(၄၀)ပေ x အနံ(၆၀) (၂၄၀၀)စတုရန်းပေ မြေကွက်အနက်မှ ပြန်လည်ခွဲစိတ်ရခြင်းမရှိသေးသော မြေကွက်၏ (ခေါင်းရင်းခြမ်း) (ဂရန်မူရင်းခြမ်း) အလျား(၂၀)ပေ x အနံ(၆၀)ပေ၊ ဧရိယာ(၁၂၀၀)စတုရန်းပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ရေ/မီးအစရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမျိုးသူရကျော် ၆/မအရ(နိုင်)၀၉၆၁၈၅ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးအောင်မျိုးဝင်း ၁၂/ဥကတ(နိုင်)၁၅၈၇၈၈ မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျ ခိုင်လုံသော တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆောင်ရွက်သွားမည် ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မျိုးဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့် (LL.B,D,B.L)** | **ဒေါ်မြတ်နိုးခင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-၈၃၅၁(၁၃-၉-၂၀၁၂)** | **စဉ်-၅၃၁၅၀ (၃၀-၆-၂၀၂၀)** |

**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆)၊ ကုန်းဘောင်(၁၃)လမ်း၊မြေကွက်အမှတ်(၇၉၇/ခ)၊မြေပေ အကျယ် (၂၂ x ၆၀)ပေရှိ မြေပေါ်တွင်ဆောက်လုပ်ထားသော (၁)ခန်းတည်း (၆)ထပ် RC တိုက် အဆောက်အအုံမှ ဒုတိယထပ် (၃-လွှာ)၊ အခန်းအကျယ်အဝန်း(၂၀ x ၄၄) ပေ၊ အမြင့်(၉)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် တိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအားလုံးအပါအဝင်ကို ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ကန်ထရိုက်တာ ဦးသန်းလွင် ၁၂/ဥကမ(နိုင်)၁၇၄၂၃၅ က အထက်ပါ တိုက်ခန်းကို မိမိတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့်အဆိုပါတိုက်ခန်းအား အပြီးအပိုင်လက်ရောက် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းဝေတိုး ၆/ကသန(နိုင်)၀၅၇၂၀၇ က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထား ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနှစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉၈၇)၊ ကွင်းအမည်(ကျောက်အိုင်ကွင်း)၊ ဦးပိုင်အမှတ်(၄၅/၁၆)၊ ပြေစာပိုင်ရှင်အမည်ပေါက် ဦးတိုးအမည်ဖြင့် ရွှေနှင်းဆီ(၂)လမ်း၊ အကျယ်အဝန်းအားဖြင့် (အလျား ပေ၂၀ x အနံ ၄၅ ပေ) ရှိမြေနှင့်တကွ ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်အိမ်တစ်လုံး (ရေမီးအစုံ) အပါအဝင် ၎င်းမြေပေါ်ရှိ ဆက်စပ်ပတ်သက် တွယ်ကပ်ပါရှိသော သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထား ရောင်းချပိုင်ခွင့်ရှိသည့် ဒေါ်ခင်မြင့်နိုင် ၈/သရန(နိုင်)၀၃၈၂၇၀ ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဇင်မာထွေး ၅/ကလထ(နိုင်)၃၁၀၇၁၀ မှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အိမ်ခြံမြေအရောင်းအဝယ် ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ဇင်မာထွေး** | **ဒေါ်အေးသူဇာအောင် (LL.B)** |
| **၅/ကလထ(နိုင်)၃၁၀၇၁၀** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၄၃)** |
| | **သဃ်န်းကျွန်းမြို့နယ်ရှေ့နေများနားနေခန်း** |
| | **သဃ်န်းကျွန်းမြို့နယ်တရားရုံး။** |
| | **ဖုန်း-၀၉-၄၂၄၅၉၆၈၃၀၊ ၀၉-၇၉၉၅၆၁၅၇၄** |

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၁၀)၊ ဦးပိုင်အမှတ်(၅၄)၊ ဒုတပ်ကြပ်မောင်ပွ အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း၊ ဧရိယာ(၃၀ x ၄၀)ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ+မီးအပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ မြေပေါ်မြေအောက် နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်သည့် ၁။ ဦးသိန်းစိုးပိုင် (ဘ) ဦးညိမ်းမောင် ၅/စကန(နိုင်)၁၆၉၂၅၂၊ ၂။ ဒေါ်ဖြူ ဖြူဝင်း (ဘ) ဦးညိမ်းမောင် ၅/စကန(နိုင်)၁၆၉၂၅၀၊ ၃။ ဒေါ်ဖြူဖြူသင်း (ဘ) ဦးညိမ်းမောင် ၅/စကန(နိုင်) ၂၀၇၇၄၁၊ ၄။ ဒေါ်သီရိဖြူ (ဘ) ဦးညိမ်းမောင် ၅/စကန(နိုင်)၂၁၀၈၁၇ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေအချို့ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့လာရောက်တင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါ သည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

| | | |
|---|---|---|
| **ဦးဆွေသန့်ဝင်း(LL.B)** | **ဦးကျော်ထက် (LL.B)** | **ဦးနေဦး (LL.B)** |
| **(စဉ်-၁၂၇၁၆)** | **(စဉ်-၄၁၇၇၇)** | **(စဉ်-၅၆၂၉၃)** |

**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**
**၆၃(အေ)လမ်း၊ ၂၇ x ၂၈ ကြား၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၉-၄၀၂၇၇၃၁၁၇၊ ၀၉-၇၉၇၈၁၂၄၀၃၊ ၀၉-၉၆၉၈၉၈၁၅၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာကျေးရွာ၊ ကွင်းအမှတ်(၆၅၆)၊ ဦးပိုင်အမှတ်(၅၉/၂)၊ မြေဧရိယာ ၁ ဒသမ ၅၀ ဧကထဲမှ ခွဲထွက်ထားသော အကွက်အမှတ်(၃၁၂)၊ အလျား ၆၀' x အနံ ၅၆' ရှိ မြေကွက်အား ဒေါ်အေးအေးအောင် ၉/မမန(နိုင်)၀၀၇၉၆၆ မှလည်းကောင်း အကွက်အမှတ် (၃၀၉)၊ အလျား ၆၄' x အနံ ၄၀' ရှိ မြေကွက်အား ဒေါ်စုစုခင် ၉/မမန(နိုင်)၀၇၇၅၉၇ မှ လည်းကောင်း၊ ပြင်ဦးလွင်မြို့၊ အောင်ချမ်းသာ ကျေးရွာ၊ မြတ်မင်္ဂလာကွက်သစ်၊ ကွင်းအမှတ်(၆၅၆)၊ ဦးပိုင်အမှတ်(၅၉/၂) မြေဧရိယာ အကျယ် ၁ ဒသမ ၀၀ ဧကမှ ခွဲထွက်ထားသော အကွက်အမှတ်(၂၉)နှင့် (၃၀)၊ အလျား ၈၀' x အနံ ၆၀' အကျယ်ရှိ မြေကွက်အား ဒေါ်အေးအေးမြင့်မှလည်းကောင်း လက်ရှိထားပိုင်ဆိုင်ကြောင်း အရှုပ်အရှင်းကင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆို၍ အထက်အဆိုပါသူတို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးယွင်နု ၁၃/လရန(နိုင်)၀၅၆၇၈၉ မှ အဆိုပါမြေကွက်တို့အား ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားစာချုပ်မူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မြေအရောင်းအဝယ်ကိစ္စကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းပပအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၅၁၆)**
**အိမ်အမှတ် (၁၉)၊ စကြာလမ်း၊ ရပ်ကွက်ကြီး(၁)၊ ၁၂-ညံကွဲ၊ ပြင်ဦးလွင်မြို့။**
**ဖုန်း-၀၉-၂၅၆၀၁၉၆၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ရပ်ကွက်၊ အကွက်အမှတ် စ-၅၊ ဦးပိုင်အမှတ် (၃၇)/၊ ၆၇လမ်း၊ ၁၀၈x၁၀၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ (ခင်ပွန်း) ဦးမင်းထွန်းရှိန် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၁၄၂၂/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့်(ဇနီး) ဒေါ်ခင်မာဌေး ၉/အမရ(နိုင်) ၀၅၁၁၉၇၈၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၁၈၀/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မြတ်စိုးဦး ၅/တဆန(နိုင်) ၀၈၂၃၁၆က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြု ပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၉၊ ဦးပိုင်အမှတ် (၅၂)၊ ၄၆x၄၇ကြား၊ မဉ္ဇူxခေတ္တာလမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သူ (ခင်ပွန်း) ဦးသန်းလွင်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၂၃၄၄/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် ကျန်ရစ်သူ(ဇနီး) ဒေါ်ရီရီမြင့် ၉/မမန(နိုင်) ၀၂၉၆၂၂ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၉၈၁/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဟုံချွင်းရင် ၁၃/လရန(နိုင်) ၁၀၇၅၀၇ က တောဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ် ၈၃၄၊ ဦးပိုင်အမှတ်(၄၀)/၄၅လမ်း၊ ၈၃x၈၄လမ်းကြားရှိ ဦးကျော်ဇံ၊ ဒေါ်သန်းမြ (ခ)လှလှ၊ ဒေါ်သန်းသန်းမြင့်၊ ဦးအောင်ကျော်ဦး အမည်ပေါက် ဘိုးဘမြေကွက်အားအမွေဆက်ခံစာချုပ်အမှတ်(၄၀၃၅/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဒေါ်သန်းသန်းမြင့်(ခ)တဆုပ်၊ ဒေါ်သောင်းသောင်း၊ ဦးရဲဝင်းထွဋ်တို့ ၃ဦးအနက် ဒေါ်သန်းသန်းမြင့်(ခ)တဆုပ် ၉/မရတ(နိုင်) ၀၁၇၁၃၇၊ ဒေါ်သောင်းသောင်း ၉/မမန(နိုင်) ၀၁၆၁၅၃ တို့ထံမှ စွန့်လွှတ်စာချုပ်အမှတ် (၃၀/၂၀၂၃)ဖြင့် စွန့်လွှတ်ခြင်းကိုလက်ခံသူ ဦးရဲဝင်းထွဋ် ၉/မဟမ(နိုင်)၀၁၆၈၆၉က ဘိုးဘ အမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ် အပိုင်း-၆၊ ဦးပိုင်အမှတ် (၆၉-ခ)/ ၆၈x၆၉ကြား၊ ၃၈x၃၉ ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းရှိန် ၉/ မရမ(နိုင်)၀၇၄၉၁၂ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၆၉၆/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝင်းဇော် ၈/မကန(နိုင်)၀၆၂၂၃၇ က မြေကွက်၏ မြေချထားမိန့်မူရင်း၊ ငွေသွင်းပြေစာမူရင်း၊ ဂရန်မူရင်းတို့မှာ အသိမ်းလွန်၍ပျောက်ဆုံးနေကြောင်းနှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးထားသော်လည်း စာချုပ်ချုပ်ဆိုခဲ့ခြင်းမရှိဘဲ မြေပုံမြေရာဇဝင်မှာ အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ် ဏ-၅၊ ဦးပိုင်အမှတ်(၉၈)/၊ ၆၄x၆၅ကြား၊ ၁၀၅x၁၀၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဆန်းရင် ၉/စကတ(နိုင်) ၀၃၁၂၁၂. TZE-၁၀၅၇၃၆ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၉၇၃/၂၀၁၉)ဖြင့်ဝယ်ယူခဲ့သူ ဒေါ်ဘူးသီး ၅/စကန(နိုင်) ၀၉၈၄၈၁က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၈၇)၊ ဦးပိုင်အမှတ် ၄၁/၂၉လမ်း၊ ၈၄x၈၅ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ကေသီ ၉/မရမ(နိုင်) ၀၁၂၆၀၁၊ ဒေါ်လှလှဌေး ၉/မရမ(နိုင်)၀၁၂၈၂၆၊ ဒေါ်နန်းအေး ၁၃/ကမန(နိုင်)၀၀၆၈၅၀၊ ဦးစိုင်းကျော်ကျော်(ခ)ကျော်ကျော် ၁၃/နမတ(နိုင်)၀၃၂၉၅၈ တို့က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ရပ်ကွက်၊ အကွက်အမှတ် ဃ-၂၊ ဦးပိုင်အမှတ် ၁၆၉/၆၂ အေလမ်း၊ ၁၁၀x၁၁၁ လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဦးကျန်းဆီ(ခ)ဦးစီ ၉/မရမ(နိုင်)၀၇၈၅၉၀ က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၁၆၊ ဦးပိုင်အမှတ် ၆၃-ခ/ ၄၇x၄၈ကြား၊ ၁၀၈ဒီလမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ တပ်ကြပ်ကြီး ဘိုနီ ၁၃/ကတန(နိုင်)၀၀၆၄၉၉ ၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ်(၁၁၉၂၉/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ကျော်ထွန်း ၅/မမတ(နိုင်)၁၂၇၇၉၇ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၁၆၊ ဦးပိုင်အမှတ် ၆၃-က/၄၇x၄၈ကြား၊ ၁၀၈ D လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ တပ်ကြပ်ကြီး ဦးဘိုနီ ၁၃/တကန(နိုင်) ၀၀၆၄၉၉ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၉၂၉/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ကျော်ထွန်း ၅/မမတ(နိုင်) ၁၂၇၇၉၇က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ် ဖဖ-၇၊ ဦးပိုင်အမှတ်၄၄/ ၄၈လမ်း၊၁၁၀x၁၁၁လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးဇော်ဝင်း ၉/မရတ(နိုင်)၀၁၁၈၈၀/ISN-၅၄၁၅၆၆၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၁၃၇/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမြင့်ခိုင် ၁၃/နခန(နိုင်)၀၇၂၀၁၆က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ ရပ်ကွက်၊ အကွက်အမှတ် တ-၄ ၊ ဦးပိုင်အမှတ် ၆၀/၆၂x၆၃ကြား၊ ၁၀၃x၁၀၄ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်မာဝင်း ၁/မညန(နိုင်) ၀၉၉၇၈၇၏ အထူးကိုယ် စားလှယ်လွှဲစာအမှတ်(၉၁၈၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဘိုဘိုအောင် ၉/မရမ(နိုင်) ၀၉၂၅၀၁ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်၊ ကျောင်းကုန်းဆိပ်ကြီးကွက်သစ်(ဗိုလ်ချုပ်ကျေးရွာ)၊ သဇင် ၃၂ လမ်း၊ အမှတ် K/၁၃၀ရှိ စလစ်မြေ၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ မြေကွက်အား အမည်ပေါက်ကာ ရောင်းချပိုင်ခွင့်ရှိ ကြောင်း အဆိုပြုသူ ဦးကျော်ဝင်း ၁၄/ဘကလ(နိုင်) ၀၁၃၂၈၈ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ ဤသတင်းစာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစောလှထွန်း(LL.B)** | **ဒေါ်စုစုဖြိုး(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၃၃၉၁)** | **အထက်တန်းရှေ့နေ(စဉ်-၅၃၃၈၃)** |

**ဖုန်း-၀၉-၂၅၄၂၀၀၃၃၄၊ ၀၉-၂၅၄၂၁၂၉၉၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ယ/၇၇၉၁၆ ယာဉ်လက်ဝယ်ရှိသူ ဦးတင်မြင့်အောင် ၅/ကလန(နိုင်)၀၀၂၁၈၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့် ရက်မှ(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (ရွှေဘို)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၇၈၂၄၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်ကြူ ၅/ဘတလ(နိုင်)၀၆၅၃၀၈ကေ ယာဉ်မှတ်ပုံ တင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (ရွှေဘို)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် FF/4020 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ရပ်ကွက်၊ အကွက်အမှတ် စ-၄၊ ဦးပိုင်အမှတ်၈၂/ ၆၅Bလမ်း၊၁၀၈x၁၀၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးထွန်းလှ ၅/ကဘလ(နိုင်)၀၀၀၇၅၉၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၁၇၆/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးထွန်းနိုင် ၉/မခန(နိုင်) ၀၁၁၅၂၉ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီ ကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှု-၁ရပ်ကွက်၊ အကွက် အမှတ် ပပ-၆၊ ဦးပိုင်အမှတ် (၅၈)/၊ ၆၅x၆၆ကြား၊ သခင်ဖိုးလှကြီးနှင့် ယောမင်းကြီးလမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ် (၄၃၅၉/၉၀-၉၁)အရ ဦးကြာယွင်း(ခ)ညီအောင် (ခ)ကြာရွှန်း ၉/မရတ(နိုင်) ၀၂၉၄၂၄ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြု မှတ်သားပေးပါရန် ဦးကြာယွင်း(ခ) ညီအောင်(ခ)ကြာရွှန်း ၉/မရတ(နိုင်) ၀၂၉၄၂၄မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမွေစားအမွေခံသားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်ကြောင်းကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကျောက်ဖျာကျေးရွာအုပ်စု၊ ကဘင်းကျေးရွာနေ ဒေါ်သန်းသန်းဝင်း(ခ)ဒေါ်မီးငယ်(ဘ)ဦးဂျန်ငယ် ၆/မမန(နိုင်)၁၀၇၄၅၇၏ လွှဲအပ်ညွှန်ကြားချက်များအရ အများသိရှိနိုင်စေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

